# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၃၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern- PHEIC) အဖြစ် ကြေညာထားသော Mpox (မျောက်ကျောက်) ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

(၁၉-၈-၂၀၂၄)

၁။ (၂၀၂၄) ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (DRC) နှင့် အာဖရိကတိုက်ရှိ နိုင်ငံများတွင် Mpox (မျောက်ကျောက်) ရောဂါ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်း၊ ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် ရောဂါပိုးမျိုးကွဲအသစ် (Clade Ib) လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာကူးစက်ပျံ့နှံ့မှုများရှိနေခြင်းတို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ ဩဂုတ်လ၊ (၁၄) ရက်နေ့တွင် Mpox (မျောက်ကျောက်) ရောဂါ ကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Mpox (မျောက်ကျောက်) ရောဂါအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (PHEIC) အဖြစ် (၂၀၂၂) ခုနှစ်၊ ဇူလိုင်လ၊ (၂၃) ရက်နေ့တွင် ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်း (Fever with Vesicular Rash Surveillance) လုပ်ငန်းအား နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားမှု သိသာစွာကျဆင်းလာသည့်အတွက် (၂၀၂၃) ခုနှစ်၊ မေလ (၁၁) ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေမှ ဖြေလျှော့ခဲ့သော်လည်း မြန်မာနိုင်ငံတွင် ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ (၂၀၂၂) ခုနှစ်မှ လက်ရှိအချိန်အထိ သံသယလူနာများ၏ ဓာတ်ခွဲနမူနာ (၁၂၉) ခုအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် Mpox (မျောက်ကျောက်) ရောဂါ အတည်ပြုလူနာ မရှိသေးကြောင်း တွေ့ရှိရပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❍

## တနင်္သာရီတိုင်းဒေသကြီး၌ မိုးစပါးစိုက်ဧက ၁၉၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ထားဝယ် ဩဂုတ် ၁၉

၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ဧက ၂၂၇၁၇ ဧက လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ခရိုင် လေးခရိုင်၊ မြို့နယ် ၁၀ မြို့နယ်၌ စုစုပေါင်းမိုးစပါး စိုက်ဧက ၂၂၂၇၁၇ ဧက လျာထားဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်အထိ ၁၉၇၄၄၁ ဧက၊ ရာခိုင်နှုန်းအနေဖြင့် ၈၈ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ "အခုနှစ်မှာလည်း မိုးစပါးစိုက်ဧကများ လျာထားပြည့်မီစိုက်ပျိုးနိုင်ရေးနဲ့ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိစေဖို့အတွက် ခရိုင် လေးခရိုင်၊ မြို့နယ် ၁၀ မြို့နယ်က အကျိုးဆောင်တောင်သူများအား စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့များကိုလည်း ထောက်ပံ့ပေးပါတယ်။ ဒါ့အပြင် ယူရီးယားဓာတ်မြေဩဇာများကိုလည်း ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခြင်း၊ တောင်သူနည်းပညာပေးသင်တန်းများ၊ တောင်သူ

စာမျက်နှာ ၃ ကော်လံ ၁ ❖





## ပြည်တွင်း ဆန်၊ စပါးဖူလုံမှု အပြည့်အဝရှိ၍ စိုးရိမ်ရန်မလိုကြောင်း MRF ဥက္ကဋ္ဌပြော

ရန်ကုန် ဩဂုတ် ၁၉

ဈေးနှုန်းတည်ငြိမ်ရန် ဆောင်ရွက်နေသည့်အပြင် ပြီးခဲ့သည့်နှစ်က ဆန်အဟောင်း၊ စပါးအဟောင်းနှင့် နွေစပါးဆန်အသစ်များလည်းရှိသည့်အတွက် ပြည်တွင်းဆန်ဖူလုံမှု အပြည့်အဝရှိ၍ စိုးရိမ်စရာမရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၅ ❑


**ယနေ့ ဖတ် စ ရာ**

မသိမဖြစ်သော လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုအန္တရာယ် — ဆောင်းပါး — စာ ၁၀

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း ပထမဆုံးအကြိမ် မျောက်ကျောက်ရောဂါကူးစက်ခံရသူ တွေ့ရှိ — နိုင်ငံတကာသတင်း — စာ ၁၃

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၉

**၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

**အနိုင်ရဗိုလ်စွဲ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

**ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်တို့က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသမီး အကောင်းဆုံး ဂိုးသမားဆု၊ အမျိုးသား အကောင်းဆုံးဂိုးသမားဆု၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသား အကောင်းဆုံးအားကစားသမားဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးရွှေကြိမ်းက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ခွန်စံလွင်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန် အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို လည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။

**တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ခုနစ်ဂိုး - ခြောက်ဂိုးဖြင့်လည်းကောင်း၊ အမျိုးသား ဖူဆယ်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ရှစ်ဂိုး - သုံးဂိုးဖြင့် လည်းကောင်း၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို ကိုးဂိုး - တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို မြန်မာ့ဖူဆယ် အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဖူဆယ်အားကစားသမားများ အချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖူဆယ်အားကစားနည်း ပိုမိုပြန့်ပွားလာစေရေး၊ လူငယ်ထုအတွင်း ဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ပါဝင်စား လာစေရေးတို့အတွက် ရည်ရွယ်၍ ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်းနှင့် အမျိုးသမီး ၁၄ သင်းတို့မှ စုစုပေါင်း အားကစားသမား ၅၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ပညာပေးဆွေးနွေးပွဲများ၊ ကွင်းသရုပ်ပြပွဲများ၊ ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်'' ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ရာသီအတွင်း ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြစိုက်ခင်းများကို တစ်မြို့နယ်တွင် ကျေးရွာတစ်ရွာနှုန်းဖြင့် မြို့နယ် ၁၀ မြို့နယ်တို့၌ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယခင်နှစ်က တစ်မြို့နယ် တစ်ရွာနှုန်းဖြင့် ကျေးရွာပေါင်း ၁၀ ရွာ၌ စပါးစိုက်ဧက ၂၇၇၀ ဒသမ ၂၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း တစ်မြို့နယ်တစ်ရွာနှုန်းဖြင့် စုစုပေါင်းကျေးရွာ ၁၀ ရွာ၌ ဧက ၂၈၂၀ ကို တိုးချဲ့စိုက်ပျိုးနိုင်ကြောင်း သိရသည်။

''အခုနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ပျိုးရာသီချိန်မှာ မိုးစပါးစိုက်ဧက ၂၆၄၅ ဧကခန့် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ရှိခဲ့ပါတယ်။ ရေကြီးနစ်မြုပ်စပါးစိုက်ဧက အားလုံးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးရန်ပုံငွေနဲ့ အစားထိုးပြန်လည် စိုက်ပျိုးခဲ့ရာမှာ အခုဩဂုတ်လ ၁၉ ရက်နေ့မှာတော့ ပျက်စီးခဲ့တဲ့ ၂၆၄၅ ဧကအားလုံးကို ပြန်လည်အစားထိုးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်'' ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။

ယခင်နှစ် မိုးစပါးစိုက်ရာသီတွင် တနင်္သာရီတိုင်းဒေသကြီး၌ မိုးစပါးစိုက်ဧကပေါင်း ၂၂၂၇၁၇ ဧက စိုက်ပျိုးခဲ့ရာတွင် စပါးအထွက်နှုန်းအနေဖြင့် တစ်ဧက ၇၂ ဒသမ ၄၀ တင်း၊ စုစုပေါင်းစပါး ၁၆၁၂၉၄၀၉ တင်း ထွက်ရှိခဲ့ပြီး နွေစပါးစိုက်ရာသီတွင် ၈၁၅၄ ဧကစိုက်ပျိုးခဲ့ရာတွင်တစ်ဧကအထွက်နှုန်းမှာ ၇၂ ဒသမ ၀၇ တင်း စုစုပေါင်း ၅၈၇၆၃၇ တင်း ထွက်ရှိခဲ့ကြောင်း အဆိုပါဌာနမှသိရသည်။

**မြင့်ဦး (မြိတ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၏ (၂၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

# တရားရုံးများသည် အမှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေးကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် များ၏ (၂၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




**မြန်မြန်ဆန်ဆန်စစ်ဆေးဆုံးဖြတ်**

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက တရားရုံးများသည် အမှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း မနှစ်မြို့ဖွယ် မုဒိမ်းမှုများ၊ လူသတ်မှုများစသည့် ကြီးလေးသည့်ပြစ်မှုကျူးလွန်သူများအပေါ်တွင်လည်း ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ကြရန်လိုကြောင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် အချိန်တိုအတွင်း အမှုများ ပြီးပြတ်သွားသည့်အတွက် တရားမမှုများ မှန်မှန်ကန်ကန်ဖြင့် မြန်ဆန်စွာ ပြီးပြတ်ရေး များစွာအထောက်အကူဖြစ်စေကြောင်း၊ ထို့ကြောင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားပြီးဖြစ်သည့်အပြင် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးနေသည့် အမှုများကိုလည်း ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေးအတွက် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး တရားရုံးများက မြန်မြန်ဆန်ဆန် စစ်ဆေးဆုံးဖြတ်ရန်လိုကြောင်း။

**ဖြောင့်မတ်မှန်ကန်စွာထမ်းဆောင်**

ထို့ပြင် သက်သေခံပစ္စည်းစီမံခန့်ခွဲသည့်အမိန့်အပေါ် တက်ရောက်သည့် အမှုများကိုလည်း အထက်တရားရုံးများက ဦးစားပေး ကြားနာဆုံးဖြတ်ပေးရန် လိုကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ ပြည်ပသို့ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ပညာသင်စေလွှတ်ခြင်းဖြင့် ဒေသတွင်းတရားစီရင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးကျေးဇူးများ ရရှိမည့်အပြင် တရားသူကြီးများ၏ စွမ်းရည်တိုးမြှင့်မှု ကဏ္ဍအတွက်လည်း များစွာအထောက်အကူဖြစ်စေပါကြောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မှားယွင်းမှုများ၊ အားနည်းချက်များ မရှိစေရေး အဆင့်ဆင့်အလေးထား စိစစ် ဆောင်ရွက်ကြရန်လိုကြောင်းနှင့် အလေးထား ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် သေချာစွာစိစစ်ခြင်း မပြုမှုကြောင့် ဌာနအတွက်၊ နိုင်ငံအတွက် ထိခိုက်နစ်နာမှုများ မဖြစ်ပွားစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ စည်းကမ်းများကိုလည်း လိုက်နာစောင့်ထိန်းကြရန်နှင့် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ၊ ဖြောင့်မတ်မှန်ကန်စွာ ထမ်းဆောင်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**၂၀ ရက်အထိကျင်းပမည်**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှူးများသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြပြီး အစည်းအဝေးကို ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့ပင်လယ်ရေကြောင်း လောကတွင် လာမည့်ငါးနှစ်အတွင်း သင်္ဘောသားနှင့် အရာရှိလိုအပ်ချက် သုံးသိန်းကျော်အထိရှိနိုင်သည့်အတွက် အရည်အသွေးတိုးတက်သော မြန်မာသင်္ဘောသားများလိုအပ်

**ရန်ကုန် ဩဂုတ် ၁၉**

ကမ္ဘာ့ပင်လယ်ရေကြောင်း လောကတွင် လာမည့် ငါးနှစ်အတွင်း သင်္ဘောသားနှင့် အရာရှိလိုအပ်ချက် သုံးသိန်းကျော်အထိ ရှိနိုင်သည့်အတွက် အရည်အသွေးတိုးတက်သော မြန်မာသင်္ဘောသားများ လိုအပ်ကြောင်း မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က ပြောသည်။


ပြည်ပသင်္ဘောပေါ်တွင် လုပ်ကိုင်နေသော မြန်မာသင်္ဘောသားအချို့။

ကမ္ဘာပေါ်တွင် သင်္ဘောများ တန်ချိန်များလာကာ အစင်းရေလည်း တိုးလာသောကြောင့် လာမည့်ကာလတွင် လုပ်သားလိုအပ်ချက် မြင့်မားခြင်းဖြစ်ကြောင်း သိရသည်။ "လိုအပ်မယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ဘက်က ပေးနိုင်တယ်ဆိုလည်း အလုပ်ကရမှာပဲ။ ကမ္ဘာ့သင်္ဘောလောကမှာက အလုပ်သမားလိုအပ်ချက်က ကြီးမားနေပါတယ်။ အဲဒီထဲကို ဖြည့်ဆည်းဖို့ဆိုရင် ကိုယ့်ဆီကလူတွေကလည်း အလုပ်အကိုင် ကျွမ်းကျင်တဲ့ အရည်အသွေးက မြင့်မားနေမှ။ ပြီးတော့ ကမ္ဘာအနှံ့ကိုသွားတဲ့ သင်္ဘောပေါ်မှာ စီးရတာဖြစ်တဲ့အတွက် ဘာသာစကားက အင်္ဂလိပ်စကားပဲသုံးရတဲ့အတွက် အင်္ဂလိပ်စကားကိုလည်း ပါရဂူ၊ မဟာအဆင့်လောက်အထိ မဟုတ်ရင်တောင် သာမာန်အဆင့်လောက်အထိတော့ ပြောတတ်၊ ဆိုတတ်၊ ရေးတတ်၊ ဖတ်တတ်မှ အဆင်ပြေမယ်လို့ ယူဆပါတယ်။ အဲဒီတော့ သင်္ဘောသား လိုအပ်ချက် ဘယ်လောက်များလဲ မေးရင် နောက်ငါးနှစ်မှာ သုံးသိန်းကျော် လိုတယ်။ အမျိုးသားလည်း လိုတယ်၊ အမျိုးသမီးလည်း လိုတယ်။ အဲဒီတော့ကိုယ့်ဘက်က သွားမယ်ဆိုရင် အလုပ်ရှင် ကျေနပ်လောက်တဲ့၊ လက်ခံနိုင်လောက်တဲ့ အရည်အသွေးရှိတဲ့ သင်္ဘောသားကိုပဲ ခေါ်မှာပါ" ဟု ကပ္ပတိန် ဦးစိုးမင်းအောင်က ပြောသည်။

မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်အနေဖြင့်လည်း လက်ရှိတွင် လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ အခမဲ့သင်တန်းနှင့် အခမဲ့ကုန်းပတ်သင်္ဘောသား အခြေခံလက်တွေ့ သင်တန်းများကို အမှတ်စဉ်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး စိတ်ဝင်စားမှုများရှိကြောင်း သိရသည်။

"အဖွဲ့ချုပ်အနေနဲ့ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအချင်းချင်းမှာ၊ ရည်ရွယ်ချက်မှာ မြန်မာသင်္ဘောသားတွေနဲ့ ပတ်သက်လာရင် သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်ကို တစ်ဖက်တစ်လမ်းက တိုးတက်အောင်လို့ ပံ့ပိုးကူညီရမယ်ဆိုတဲ့ရည်ရွယ်ချက်ပါတယ်။ ပြီးတော့ မိသားစုတွေရဲ့လူမှုဘဝ တိုးတက်ရေးကိုလည်း ပံ့ပိုးရမယ်ဆိုတာပါတယ်။ အဲဒီ နှစ်ချက်ဖြည့်ဆည်းဖို့အတွက် ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ အခုအခြေခံကုန်းပတ်သင်္ဘောသား သင်တန်းကိုလည်း အခမဲ့ဖွင့်ပေးတယ်၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာအခမဲ့သင်တန်းကိုလည်း ဖွင့်ပေးထားပါတယ်" ဟု ကပ္ပတိန် ဦးစိုးမင်းအောင်က ဆိုသည်။

သင်္ဘောသားကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိ၊ လိုအပ်မှုများရှိလျှင် မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်ထံ အကူအညီတောင်းခံခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။ **MT**

❑ *ရှေ့ဖုံးမှ*

"ဆန်လည်း လုံလုံလောက်လောက် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မနှစ်ကဆန်အဟောင်းလည်းရှိတယ်။ နွေစပါးပေါ်တဲ့ ဆန်အသစ်လည်းရှိတယ်။ နေပြည်တော်ကောင်စီ အလယ်ပိုင်းဒေသဆိုရင် နွေစပါးအခုပေါ်နေတဲ့အချိန်။ ပြီးခဲ့တဲ့နှစ်က ဆန်အဟောင်း၊ စပါးအဟောင်းလည်းရှိတာဖြစ်တဲ့အတွက် ပြည်တွင်းဖူလုံမှုက အပြည့်အဝရှိပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်စရာတော့မရှိဘူးပေါ့။ ဈေးနှုန်းတည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်နေတဲ့ အနေအထားလည်းရှိပါတယ်။ ဒါကြောင့်မို့ ဆန်ဖူလုံမှု အပြည့်အဝရှိတယ်။ ပြည်တွင်းဆန်ဖူလုံမှုက လက်ရှိဆန်အဟောင်း၊ စပါးဟောင်းတွေလည်းရှိတဲ့အတွက် စိုးရိမ်စရာမရှိပါဘူး" ဟု ဦးရဲမင်းအောင်က ဆိုသည်။

အဓိကကျသည့် ဈေးကွက်ကြီး သုံးခုဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးသို့ ဆန်အဝင်၊ အထွက်မှန်ကန်ရန်နှင့် ဆန်ဈေးနှုန်းတည်ငြိမ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လစဉ်ထုတ်သည့်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်လည်းတစ်ဖက်မှ ဖော်ဆောင်နေသည့် အနေအထားဖြစ်ပြီးတစ်ဖက်တွင်လည်း ပြည်သူလူထုအတွက် သက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချပေးသည့် အစီအစဉ်များ လုပ်ဆောင်နေကြောင်း သိရသည်။

"ကျွန်တော်တို့လည်း တတ်နိုင်သလောက် လုပ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ဆန်စပါးဈေးကွက်ကို ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်တာမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံက ပုဂ္ဂလိကဈေးကွက်စီးပွားရေးစနစ်နဲ့သွားတာဖြစ်တဲ့အတွက် ဝယ်တာ၊ ရောင်းတာလည်း တောင်သူတွေကလည်း လွတ်လွတ်လပ်လပ်ရောင်းနိုင်တယ်၊ ဆန်စက်ပိုင်ရှင်တွေကလည်း လွတ်လွတ်လပ်လပ် ရောင်းနိုင်တယ်။ ဒါပေမယ့် အခုတော့ ရည်ညွှန်းဈေးရှိတာဖြစ်တဲ့အတွက် ရည်ညွှန်းဈေးနဲ့အားလုံး ရောင်းရတဲ့အနေအထားရှိတယ်။ ရည်ညွှန်းဈေးကို ကျော်လွန်ပြီးတော့ ဆောင်ရွက်လို့မရတဲ့ အနေအထားရှိပါတယ်။ ဒီအပေါ်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်အောင်လည်း တိုက်တွန်းပြီးစီစဉ်နေပါတယ်။ လတ်တလောမှာကတော့ ဆန်ဈေးအနေနဲ့ပြောမယ်ဆိုရင် တည်ငြိမ်တဲ့အနေအထားတစ်ခုကို ရှိတယ်လို့တော့ အကြမ်းဖျင်းပြောလို့ရတယ်" ဟု ဦးရဲမင်းအောင်က ပြောကြားသည်။ **MT**

❍ ရှေ့ဖုံးမှ

၃။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ Mpox (မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေနည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုအား နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေးအသိပညာပေးခြင်းတို့အား အချိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ Mpox(မျောက်ကျောက်)ရောဂါသည် လိင်မှတစ်ဆင့် ကူးစက်ခြင်း၊ အရေပြားထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းတို့ဖြင့် ကူးစက်ခြင်း၊ ရောဂါပိုးကပ်ငြိနေသော အရာဝတ္ထုများကို ကိုင်တွယ်ထိတွေ့ခြင်း၊ ရောဂါပိုးကူးစက်ခံရသော တိရစ္ဆာန်နှင့် တိုက်ရိုက် ထိတွေ့ခြင်းတို့ဖြင့် ကူးစက်ခြင်းများအားဖြင့် အဓိကကူးစက်နိုင်ပါသည်။

၅။ Mpox (မျောက်ကျောက်) ရောဂါ သံသယလက္ခဏာခံစားနေရသူနှင့် အနီးကပ်ထိတွေ့မှုကို ရှောင်ကြဉ်ခြင်း၊ အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (mask)ကို တပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာနှင့်ရေ (သို့မဟုတ်) ရေမလိုလက်သန့်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောခြင်း၊ သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ဖြင့် ရောဂါ ကူးစက်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

၆။ ပြည်သူလူထုအနေဖြင့် ဖျား၍ မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နှင့် လိင်အင်္ဂါများတွင် အနီကွက်များနှင့်အတူ အရည်ကြည်ဖုများပေါက်ခြင်း၊ ပြန်ရည်အိတ် (lymph node) များ ရောင်ရမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်း အစရှိသော လက္ခဏာများရှိခြင်း၊ ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာ ခံစားနေရသူများ (အထူးသဖြင့် ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ လွန်ခဲ့သော ၂၁ ရက်အတွင်း ပြန်လာသူများ)နှင့် ထိတွေ့မိခြင်းရှိပါက နိုင်ငံတကာ (သို့မဟုတ်) ပြည်တွင်းခရီးသွားခြင်းကို ရှောင်ကြဉ်သင့်ပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ ကုသမှုခံယူကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ် ပြည်သူ့ပါတီ [Kachin State People's Party (KSPP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄ / ၂၀၂၄ )**

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ စိမ်းမြရောပန်းခြံအနီး၊ အမှတ် (၃၂၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်ပြည်နယ် ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]**ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]**၏ မှတ်ပုံတင် အမှတ်မှာ (၅၁) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြေသြဇာကော်မတီ၏ (၄၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

မြေသြဇာကော်မတီ၏ (၄၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းနှင့် ကော်မတီဝင်များ၊ မြေသြဇာကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။ **(ယာပုံ)**



အစည်းအဝေးတွင် မြေသြဇာကော်မတီဥက္ကဋ္ဌက လက်ရှိကြုံတွေ့ရလျက်ရှိသော မိုးစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုနှင့် သီးနှံထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဧရိယာများကို သွင်းအားစုများဖြင့် အချိန်မီပြန်လည်ကုစားရေးဆောင်ရွက်ရာတွင် ဓာတ်မြေသြဇာသွင်းအားစုများကို စနစ်တကျ ထည့်သွင်းနိုင်ရေးနည်းပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများက အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ခင်းများ၌ ထည့်သွင်းလိုက်သည့် မြေသြဇာအာဟာရများ ပျောက်ဆုံးမှုမရှိစေဘဲ အပင်ကထိရောက်စွာ စုပ်ယူစားသုံးနိုင်ရေးအတွက် အပင်ကျန်းမာ၍ အမြစ်များ သန်စွမ်းစေရန် သဘာဝမြေသြဇာနှင့် ရောစပ်အသုံးပြုခြင်း၊ ရွက်ဖျန်းအပင်အားဆေးများ အသုံးပြုခြင်းအပြင် အဆိပ်အတောက်ဖြစ်စေသော ဓာတ်သတ္တုများကို အပင်က မစုပ်ယူနိုင်စေရန် စိုက်ခင်း မြေပြင်ရာ၌ စက်ဖွဲပြာများထည့်သွင်းပေးခြင်း၊ ကောက်ရိုးမီးသွေး ပြုလုပ်သုံးစွဲခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးစီမံကိန်းများအတွက် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးနှင့် မိုးဆီထွက်သီးနှံများတွင် လိုအပ်သည့် မြေသြဇာများကို ရာသီချိန်မီ ဖြန့်ဖြူးပေးနိုင်ရေး၊ တောင်သူများအနေဖြင့် သီးနှံများအထွက်နှုန်းတိုးတက်စေရေးအတွက် မြေသြဇာများ မဖြစ်မနေ ဝယ်ယူသုံးစွဲရလျက်ရှိရာ အရည်အသွေးပြည့်ဝသည့် မြေသြဇာကို ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့အတွက် ကော်မတီဝင်များအနေဖြင့် မြေသြဇာလုပ်ငန်းနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံပြုချက်များကို ဆွေးနွေးအကြံပြုပေးကြရန် ပြောကြားသည်။ ထို့နောက် မြေသြဇာကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများကိုတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

မြေသြဇာကော်မတီအနေဖြင့် အရည်အသွေးပြည့်မီသော မြေသြဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူများ အချိန်နှင့်တစ်ပြေးညီ သုံးစွဲနိုင်ရေးအတွက် (၃) လတစ်ကြိမ် အစည်းအဝေးပြုလုပ်ပြီး မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် မြေသြဇာမှတ်ပုံတင်များကို ထုတ်ပေးခဲ့ရာ မြေသြဇာကော်မတီအစည်းအဝေး (၄၁)ကြိမ်မြောက် ပြီးဆုံးသည့်ကာလအထိ မှတ်ပုံတင်လက်မှတ်ပေါင်း ၁၁၅၇၃ စောင် ခွင့်ပြုပေးနိုင်ခဲ့ကြောင်း၊ သက်ဆိုင်ရာ ကာယကံရှင်၏ တင်ပြချက်အရ မြေသြဇာ မှတ်ပုံတင် ၁၉၅၇ စောင် ပယ်ဖျက်ခဲ့ပြီး သက်တမ်းကျော်လွန်၍ ဌာနကဖျက်သိမ်းသည့် မြေသြဇာမှတ်ပုံတင် ၂၇၉၃ စောင်ရှိသဖြင့် လက်ရှိတွင် လုပ်ငန်းဆောင်ရွက်ဆဲ မြေသြဇာမှတ်ပုံတင် ၆၈၂၃ စောင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပန်းတောင်း ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့်အတူ ပန်းတောင်းမြို့နယ် မြေဝါကုန်းကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဩဂုတ် ၁၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



အဆိုပါလမ်းသည် အရှည်ပေ ၉၆၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ ၁၅ ဒသမ ၀ သန်းဖြင့် (၅၆၀ ပေ x ၁၂ ပေx ၆ လက်မ)၊ ပြည်သူထည့်ဝင်ငွေ ၁၂ ဒသမ ၀ သန်း (၄၀၀ ပေ x ၁၂ ပေ x ၆ လက်မ) စုစုပေါင်း ၂၇ ဒသမ ၀ သန်းဖြင့် ပန်းတောင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ကျေးရွာလုပ်ငန်းအဖွဲ့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က လိုက်လံရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါကျေးရွာတွင်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခြင်းကြောင့် မြေဝါကုန်းကျေးရွာအတွင်းရှိ ပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သက်ထက်**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်



**နေပြည်တော် ဩဂုတ် ၁၉**
နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ခြောက်ဆယ့်နှစ်သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်ထောင်စုဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်

**လှိုင်ကော် ဩဂုတ် ၁၉**
၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ရာ ကယားပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်အောင် ကောက်ယူနိုင်ရန် ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်မူဝါဒများ ချမှတ်နိုင်ရန်အတွက် အရေးကြီးသည့် လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သဖြင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်လာစေရန် အသိပညာပေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်တို့ကို တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများ ပေးအပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးက လက်ခံရယူပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း VIDEO-Clip ကို ပြသသည်။ ယင်းနောက် ပြည်နယ်ဦးစီးမှူးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အမှတ်တရ လက်ဆောင်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များထံ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားပြီး ခင်းကျင်းပြသထားသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၁၂ ရက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နည်းပြဆရာများက သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား စာရင်းစစ် - စာရင်းကောက်သင်တန်းကို ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုဇင်(လွိုင်ကော်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

## နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၁၉**
နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ နေပြည်တော် MSME အေဂျင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် MSME အေဂျင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် MSME အေဂျင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက MSME လုပ်ငန်းကော်မတီ အစည်းအဝေးတွင် ပြည်တွင်းနှင့်ပြည်ပ ဈေးကွက်သုတေသနလုပ်ငန်း ဖွံ့ဖြိုးရေးအားပေးရန်လိုအပ်ခြင်း၊ အဆိုပါလုပ်ငန်းအဖွဲ့က ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သတ်မှတ်ပေးထားသည့် ONE REGION ONE PRODUCT ထုတ်ကုန်ပစ္စည်းများနှင့် လက်ရှိ EXPORT နှင့် IMPORT ကုန်ပစ္စည်းများအပေါ်တို့တွင် စဉ်ဆက်မပြတ် ဈေးကွက်သုတေသနပြုလျက် တက်/ကျ ဈေးနှုန်းအပေါ် လက်ရှိဈေးနှုန်းများ၊ ဖြစ်ပေါ်လာနိုင်မည့် ဈေးနှုန်းခန့်မှန်းချက်များနှင့်တကွ သတင်းအချက်အလက်များကို MSME WEBSITE မှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ONE REGION ONE PRODUCT ထုတ်ကုန်ပစ္စည်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၌ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**



ထို့နောက် နေပြည်တော် MSME အေဂျင်စီ အတွင်းရေးမှူး နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦးက MSME လုပ်ငန်းကော်မတီ(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအခြေအနေများ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကျင်းပနိုင်ရေးတို့ကိုလည်းကောင်း၊ နေပြည်တော် MSME အေဂျင်စီ တွဲဖက်အတွင်းရေးမှူး နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိုးမမဌေးက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဝင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အခမ်းအနားများကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တို့၌ မေတ္တာအခါတော်နေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားများကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ညှော့ခံတန်ဆောင်း၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အသံမစဲမေတ္တာပို့အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့် ဂါထာတော်ဖြင့် ဘုရားရှင်ကိုပင့်လျှောက်ထားခြင်း၊ နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာ အမွှမ်းဂါထာရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်း၊ ကမ္ဘာသူ ကမ္ဘာသား၊ ဝေနေယျ သတ္တဝါအပေါင်းတို့အား စုပေါင်းမေတ္တာပို့သခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်စတင်၍ ပန်းပေါင်း ၈၄၀၀၀ ဖြင့်



ဆင်ယင်ပူဇော်ထားသည့် ပန်းစေတီများ လှည့်လည်ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ပန်းစေတီများပင့်ဆောင်၍ ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့အား ရည်မှန်းပူဇော်သည့်အနေဖြင့် အရှေ့ဘက် အာရုံခံမုခ်ဦးအတွင်းရှိ ကကုသန္ဓရုပ်ပွားတော်၊ တောင်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကောဏာဂမနရုပ်ပွားတော်၊ အနောက်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကဿပရုပ်ပွားတော်၊ မြောက်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ဂေါတမရုပ်ပွားတော်တို့အား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများက လည်းကောင်း၊ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လည်းကောင်း ပန်းစေတီများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချအနုမောဒနာအခမ်းအနားကိုရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒွိပိဋကဓရ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) သက်လွှတ်ပွဲနှင့် ဓမ္မပူဇာမင်္ဂလာသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စေတီတော်ဂေါပကရုံး၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက နတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ခြင်းနှင့် ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးဝင်းမြင့်က မေတ္တာအခါတော်နေ့ မေတ္တာသုတ် ဓမ္မပူဇာမင်္ဂလာထောပနာအား မြွက်ကြား၍ ဝတ်အသင်းအဖွဲ့များက မေတ္တာသုတ်အမွှမ်းနှင့် မေတ္တာသုတ်ပါဠိတော်များကို ရွတ်ဆိုခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ဆက်လက်၍ သက်လွှတ်ပွဲကိုကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ငှက်များကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ဇော်မင်းလတ်(MNA)**

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၉**

မွန်ပြည်နယ် ဗုဒ္ဓကလျာဏယုဝအသင်းမှ အသင်းသူ အသင်းသားများက ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အထိမ်းအမှတ် သွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင်ပြည်သူ့ဆေးရုံကြီးနှင့် အမှတ် (၅) တပ်မတော်ဆေးရုံ ခုတင်(၃၀၀) တို့သို့ စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မွန်ပြည်နယ် ဗုဒ္ဓကလျာဏယုဝအသင်းနာယက ဦးဇော်လင်းထွန်းနှင့် အသင်းဥက္ကဋ္ဌ ဦးကြည်သိန်း၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွေးလှူဒါန်းကြသည့် အသင်းသား အသင်းသူများအား လိုက်လံကြည့်ရှုအားပေးပြီး (ယာပုံ) အာဟာရဖြစ်ဖွယ် အစားအစာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ် ဗုဒ္ဓကလျာဏယုဝအသင်း၊ ကျိုက်မရော၊ မော်လမြိုင်၊ ပေါင်မြို့နယ်တို့မှ အသင်းသားအသင်းသူဦးရေ ၁၀၀ ကျော်မှ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ညောင်ရွှေမြို့နယ်၌ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပ

**ညောင်ရွှေ ဩဂုတ် ၁၉**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စု ဘုန်းတော်ကြီးများ ဦးဆောင်ဖွင့်လှစ်သင်ကြားပို့ချသော ကောဒသမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက မိုင်းသောက်ပထမ စာသင်တိုက် အောင်ရတနာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ မိုင်းသောက်ဆရာတော် ဘုရားကြီးထံမှ သရဏဂုံနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက ဝမ်းမြောက်ကြောင်း တင်ပြလျှောက်ထားခြင်းနှင့် သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားပြီး မြို့နယ်သာသနာရေးမှူးနှင့် မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌတို့က သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ၊ မိုင်းသောက်ဆရာတော် ဘုရားကြီးက ဩဝါဒကထာ မြွက်ကြားပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းတွင် အောင်မြင်ခဲ့ကြသူများအား စာအောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ချီဖွေမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**ချီဖွေ ဩဂုတ် ၁၉**

ချီဖွေမြို့နယ် ရစ်လော်ခေါင်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ချီဖွေမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလင်းထူးက မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဂွါဇာလေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ကျောင်းသားကျောင်းသူများအနေဖြင့် နောင်တစ်ချိန်တွင် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် သယ်ပိုးထမ်းရွက်လာကြရမည် ဖြစ်ပြီး နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတတ်အောင်၊ တန်ဖိုးထားတတ်အောင် အသိပညာ အတတ်ပညာများကို လေ့လာဆည်းပူးကြစေလိုကြောင်း၊ ကျောင်းစာ ပညာရပ်များအပြင် ဘဝတိုးတက်ရေးအတွက် စာဖတ်ကြရန်လိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာမြင့်မားလာမှသာ ဗလငါးတန်ဖွံ့ဖြိုးပြီး လူငယ်တို့၏ အနာဂတ်ဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပ ဗဟုသုတ၊ အသိပညာများ ရရှိစေရန် သုတ/ရသ စာအုပ်စာစောင်များပြသပြီး စာအုပ်စာစောင်များကို ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# Mpox(မျောက်ကျောက်)ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဩဂုတ် ၁၉**

Mpox(မျောက်ကျောက်)ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက Mpox (မျောက်ကျောက်)ရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ကြောင်းကို ဒီမိုကရက်တစ် ကွန်ဂိုနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ဗဟိုအာဖရိကနှင့် အနောက်အာဖရိကတွင် ပုံမှန်အနေဖြင့်သာ ကူးစက်ဖြစ်ပွားလေ့ရှိသော ရောဂါအဖြစ်ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အခြားနိုင်ငံအချို့သို့ပါ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကပ်အသွင်ကူးစက်ဖြစ်ပွားခဲ့၍ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (PHEIC) အဖြစ် သတ်မှတ်ကြေညာ၍ တုံ့ပြန်ဆောင်ရွက်ခဲ့ရာ ဖြစ်ပွားမှုသိသာစွာကျဆင်းလာသည့်အတွက် ၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် PHEIC အခြေအနေမှ ရုပ်သိမ်းခဲ့ပါကြောင်း။

ယခု ၂၀၂၄ ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (DRC)နှင့် အာဖရိကတိုက်ရှိ နိုင်ငံများတွင် Mpox (မျောက်ကျောက်)ရောဂါ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်း၊ Mpox(မျောက်ကျောက်)ရောဂါ၏ မျိုးကွဲအသစ် (Clade Ib) သည် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာ ကူးစက်ပျံ့နှံ့မှုများရှိနေခြင်းကြောင့် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (PHEIC) အဖြစ် ပြန်လည်သတ်မှတ်ခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ မိမိတို့အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင်လည်း Mpox(မျောက်ကျောက်)ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုများရှိနေသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ Mpox(မျောက်ကျောက်)ရောဂါ ကူးစက်ဝင်ရောက်ပြန့်ပွားမှုမရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် Mpox(မျောက်ကျောက်) ရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေ အလွန်နည်းပါးကြောင်း၊ Mpox(မျောက်ကျောက်)ရောဂါသည် ရောဂါဖြစ်ပွားသူ လူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် အဓိကကူးစက်နိုင်သည့်အတွက် လူတစ်ဦးချင်းအလိုက် တစ်ကိုယ်ရေရောဂါကာကွယ်ရေး အသိသတိတို့ဖြင့် ပြုမူနေထိုင်၍ ကာကွယ်နိုင်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်အထိ လူနာများ၏ ခွတ်ခွဲနမူနာ ၁၂၉ ခုကို ခွတ်ခွဲစစ်ဆေးခဲ့ရာတွင် Mpox(မျောက်ကျောက်) ရောဂါ အတည်ပြုလူနာတွေ့ရှိခြင်း မရှိသေးပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုချက်များ တိကျစွာ ထုတ်ပြန်ထားရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် အကြံပြုချက်များကို နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင်၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များတွင် Mpox (မျောက်ကျောက်)ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ပြည်တွင်း/ပြည်ပ ခရီးသွားလာမှုကို မထိခိုက်စေဘဲ အထူးအလေးထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ကမ္ဘာ့နိုင်ငံများတွင် Mpox(မျောက်ကျောက်)ရောဂါ ဖြစ်ပွားမှုနှင့် မြန်မာနိုင်ငံတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များအပါအဝင် လူထုအတွင်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း တိုးမြှင့်ဆောင်ရွက်ခြင်း၊ သီးခြားထားရှိကုသမှုပေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ စံကိုက်ကုထုံးများ သတ်မှတ်ခြင်း၊ ရောဂါပိုးထိန်းချုပ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ စုဆောင်းထားရှိခြင်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေးရက်သတ္တပတ် အခမ်းအနားတက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၉**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနား တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

၂၀၂၄ ခုနှစ် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနားကို ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့တွင် ဩဂုတ် ၂၀ ရက်မှ ၂၅ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးစိုးကြည် ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Sajjad Mohammad Sajid တို့ကိုလက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Sajjad Mohammad Sajid တို့ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNOCHA အကြား သဘောတူညီမှုစာလွှာ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရေး၊ UNOCHA ၏ နိုင်ငံခြားသား ဝန်ထမ်းများ ပြည်ဝင်ဗီဇာအတွက် အကူအညီပေးရေး၊ UNOCHA မှ မြန်မာနိုင်ငံအတွင်း အကူအညီလိုအပ်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေးနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNOCHA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



◆ *ကျောဖုံးမှ*

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အောက် နှစ်ပေခွဲခန့် (၇၇ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် ပဲခူးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# လယ်ယာသုံးစက်ကိရိယာများ စက်စွမ်းအားပြည့်ဖြင့် စိုက်ပျိုးပေးနိုင်ရေး အလေးထားဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄၀) အခြေခံပညာမူလတန်းလွန်ကျောင်း(လက်ပံခါးလှ)၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပေ ၇၀ x ၃၀ RC နှစ်ထပ်ကျောင်းဆောင် တည်ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများ အသုံးပြုရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်းကျေးရွာ ကွင်းအမှတ်(၁၆၅၉) တွင် နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးဧက ၉၀ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး **(အပေါ်ယာပုံ)** လယ်ယာသုံးစက်ကိရိယာများ စက်စွမ်းအားပြည့်ဖြင့် လယ်ယာမြေများတွင် စိုက်ပျိုးပေးနိုင်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။



ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင် နန်းဦးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥဇ္ဇောတ မထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကာ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် နေပြည်တော်အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူး ဦးအောင်ခိုင်ဆွေက နည်းပြသင်တန်းဖွင့်လှစ်မည့်အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုဖွင့်လှစ်သည့် သန်းခေါင်စာရင်းဆိုင်ရာ နေပြည်တော်အဆင့် နည်းပြသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၆ ဦးဖြင့် သင်တန်းကာလ ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**

# မြန်မာ-လာအိုနယ်စပ်ဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက လာအို-မြန်မာချစ်ကြည်ရေးတံတားသို့ ရောက်ရှိကာ မြန်မာ-လာအိုနယ်စပ်ဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လာအို-မြန်မာချစ်ကြည်ရေးတံတားအနီးရှိ ကျိုင်းလပ်ကုန်သွယ်ရေးစခန်း၌ ကျိုင်းလတ်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ကုန်သွယ်ရေးစခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဌာဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဒေသခံများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးကြစေလိုပါကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ပေးအပ်ထားသည့် တာဝန်များကို စည်လုံးညီညွတ်စွာဖြင့် ကျေပွန်စွာထမ်းဆောင်ကြစေလိုပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို တိတိကျကျလိုက်နာ၍ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ထိုသို့ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ Yanlong (၂၈) နှစ်ပါ တရုတ်နိုင်ငံသား အမျိုးသား သုံးဦးနှင့် အမျိုးသမီးတစ်ဦး၊ မြန်မာနိုင်ငံသား ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ထွမ်ဆန်းရွာနေ ရဲမြင့်(၂၀) နှစ် (၁၁) ဦးယောက်စွတ်ပါ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးခြောက်ဦး၊ နေအိမ်ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာတို့အား Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာလေးစုံ၊ Laptop နှစ်လုံး၊ 5BB Broad Band တံဆိပ်ပါ Wifi စက်တစ်လုံး၊ Ruijie Regee တံဆိပ်ပါ Wifi ထပ်ဆင့်လွှင့်စက် သုံးလုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ Yan-long ပါ တရုတ်နိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦး၊ မြန်မာနိုင်ငံသား ရဲမြင့်ပါ အမျိုးသား ၁၀ ဦး၊ အမျိုးသမီးခြောက်ဦးနှင့် နေအိမ်ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ်ရေးဆိုင်ရာဥပဒေပုဒ်မ ၃၃(က)/၃၈ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ချမ်းအေးသာစံမြို့နယ်၌ Onlie အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား လေးဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။**

❍ *ကျောဖုံးမှ*

နှစ်သင်းစလုံး နိုင်ပွဲရရှိရေးအတွက် တိုက်စစ်အားပြုကစားသော်လည်း ဂိုးသွင်းခွင့်များ အသုံးချနိုင်သည့် မဟာယူနိုက်တက်အသင်းက ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ တန်းတက်သစ္စာအားမာန်အသင်းမှာမူ ခုနစ်ပွဲကစားရာတွင် သုံးမှတ်သာရသေးပြီး လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

မဟာယူနိုက်တက်အသင်းသည် ကျော်စွာမင်း၊ အောင်လှိုင်ဝင်း၊ မိုကာလူး၊ ပက်ထရစ်၊ သက်နိုင်တို့ဖြင့် လူစုံခဲ့သလို သစ္စာအားမာန်အသင်းကလည်း စောမျိုးဇော်၊ လင်းထက်ဦး၊ မင်းမော်ဦးတို့ကို အသုံးပြုခဲ့သည်။ ၁၂ မိနစ်တွင် အောင်လှိုင်ဝင်း၊ ၂၁ မိနစ်တွင် ပက်ထရစ်တို့က မဟာယူနိုက်တက်အတွက် ဂိုးများသွင်းယူကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးအပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်သော်လည်း မဟာယူနိုက်တက်အသင်းက ဂိုးများထပ်မံရရှိခဲ့ပြီး မိနစ် ၅၀ တွင် ကျော်စွာမင်းနှင့် ၇၁ မိနစ်တွင် ဝင်းကိုဌေးတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ၈၆ မိနစ်တွင် သစ္စာအားမာန်အသင်း ချေပဂိုးတစ်ဂိုးရခဲ့ပြီး မင်းမော်ဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်ဂိုးသမား မွန်ထွယ်အောင်က ရရှိသည်။

ပွဲစဉ် (၇) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၉ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၁၇ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၆ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၅ မှတ်၊ ရတနာပုံအသင်းက ၁၂ မှတ်၊ မဟာယူနိုက်တက်နှင့် Dagon Port အသင်းတို့က ၁၀ မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ကိုးမှတ်၊ ဧရာဝတီယူနိုက်တက်နှင့် မြဝတီအသင်းက လေးမှတ်စီ၊ သစ္စာအားမာန်အသင်းက သုံးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက တစ်မှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မသိမဖြစ်သော လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုအန္တရာယ်

**ယခုအခါ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား မလုံလောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ပြည်သူအများ အခက်အခဲဖြစ်ပေါ်နေချိန်တွင် ပြည်သူအချို့သည် "မည်သူသေသေ ငတေမာလျှင် ပြီးရော" ဆိုသကဲ့သို့ မိမိတို့အကျိုးစီးပွားအတွက် တရားမဝင်ဓာတ်အားသုံးစွဲမှုများ ကို နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်လျက်ရှိနေကြပါသည်။**

မောင်မောင်စွယ်စုံထွန်း

တရားမဝင်ဓာတ်အားသုံးစွဲမှုများသည် နှစ်စဉ် တိုးပွားလာနေပြီး ယခုအခါ တရားမဝင်သုံးစွဲမှုများ ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စစ်ဆေးဖော်ထုတ်လျက်ရှိရာ အမှုပေါင်းသောင်းနှင့်ချီစစ်ဆေးတွေ့ရှိနေရသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း နှစ်စဉ်ယူနစ်ပေါင်း သန်းနှင့်ချီ ဆုံးရှုံးရပြီး ဓာတ်အားခဘီလီယံနှင့်ချီ နစ်နာကြေးတောင်းခံနေရသည်ကို တွေ့ရှိနေရပါသည်။ သို့ဖြစ်၍ ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ဖော်ထုတ်အရေးယူနိုင်ရန် တာဝန်ရှိသူ အဆင့်ဆင့်က အထူးကြပ်မတ်၍ စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိပြီးသူအချို့ကလည်း မီတာများမသမာသည့် နည်းလမ်းများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲနေသလို လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် မရရှိသေးသူများကလည်း တိုက်ရိုက်ချိတ်ဆက် ခိုးယူသုံးစွဲနေကြပါသည်။ တရားမဝင်ခိုးယူသုံးစွဲမှုများကို လေ့လာရာတွင် တိုက်ရိုက်ခိုးယူသုံးစွဲမှုများသည် အများဆုံးဖြစ်ပြီး ဝန်ပိုသုံးစွဲခြင်း၊ ဆင့်ပွားသုံးစွဲခြင်း၊ ရှန့်လင့်ခွာ၍ ခိုးယူသုံးစွဲခြင်း၊ မီတာခွထောက်ပြုလုပ်သုံးစွဲခြင်း၊ ကာဗာဆီးလ်ဖြုတ် အတွင်းပြုပြင် သုံးစွဲခြင်းများကိုလည်း အထိုက်အလျောက် တွေ့ရှိနေရပါသည်။

မီတာတပ်ဆင်ထားပြီး ဓာတ်အားခအပြည့်အဝ မပေးရအောင်၊ မီတာသုံးစွဲ ယူနစ်မတက်အောင်၊ အလည်နှေးအောင် စသည်ဖြင့်နည်းမျိုးစုံဖြင့် ခိုးယူသုံးစွဲနေသည်ကိုလည်း စစ်ဆေးတွေ့ရှိနေရပါသည်။ လျှပ်စစ်ဥပဒေအရ တရားမဝင်ဓာတ်အား သုံးစွဲမှုကို စစ်ဆေးတွေ့ရှိခဲ့လျှင် နေအိမ်ဖြစ်စေ၊ စက်ရုံ/လုပ်ငန်းဖြစ်စေ တပ်ဆင်သုံးစွဲထားသော ဝန်အားပမာဏအပေါ်အခြေခံ၍ တစ်နေ့ရှစ်နာရီ သုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ သုံးသည်ဟု မှတ်ယူ၍ တစ်နှစ်စာ နောက်ကြောင်းပြန်တွက်ချက်လျက် လျော်ကြေးများ ကောက်ခံသွားမည် ဖြစ်သလို လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခံရခြင်း၊ သတ်မှတ်ဒဏ်ကြေးများကို ပေးဆောင်ရခြင်း အပြစ်ဒဏ်များ ကျခံရမည်ဖြစ်သည့်အပြင် မီးသုံးစွဲမှုလည်း ဖြတ်တောက်ခံရမည်ဖြစ်ပါသည်။

ထိုသို့ မီတာတပ်ဆင်ပြီး ခိုးယူသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးရာတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်နေပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ အလုပ်မှထုတ်ပစ်ခြင်း၊ တရားစွဲဆိုခြင်း စသည်တို့ကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။ မီတာတပ်ဆင်ခြင်းမရှိဘဲ တိုက်ရိုက်ခိုးယူသုံးစွဲခြင်းသည် ပြည်သူပိုင်ပစ္စည်းအား ခိုးယူခြင်းဖြစ်၍ ဥပဒေကြောင်းအရ ရဲစခန်း၌ အမှုဖွင့်၍ တရားရုံးတွင် တရားစွဲဆိုနိုင်ပြီး လိုအပ်ပါက လျှပ်စစ်ဥပဒေသာမက အခြားသောပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေများဖြင့်ပါ တရားစွဲဆိုသွားမည် ဟုလည်း သိရှိရပါသည်။

ထိုကဲ့သို့ နည်းအမျိုးမျိုးဖြင့် တရားမဝင် ဓာတ်အားသုံးစွဲသူများသည် မီတာခကုန်ကျစရိတ် မရှိသဖြင့် ဓာတ်အားရရှိချိန်တွင် အတိုင်းအဆမရှိ အလွန်အကျွံသုံးစွဲကြခြင်းကြောင့် နိုင်ငံ၏ ဓာတ်အားမလုံလောက်မှုကို ပိုမိုဆိုးရွားသွားစေပါသည်။ သို့ဖြစ်၍ လျှပ်စစ်မီး ပြည့်ဝစွာသုံးစွဲလိုသည့် တရားဝင်မီတာဖြင့် မှန်မှန်ကန်ကန်သုံးစွဲနေသော ပြည်သူများအနေဖြင့်လည်း လျှပ်စစ်မီးကို ချွေတာသုံးစွဲရုံသာမက တရားမဝင် ဓာတ်အားခိုးယူသုံးစွဲ နေမှုများကြောင့် ဓာတ်အားမလုံမလောက်ဖြစ်ပေါ်စေခြင်းကို သိမြင်နားလည်ကြပြီး လျှပ်စစ်ဌာနသို့ သတင်းပေးဖော်ထုတ်တိုင်ကြား အသိပေးခြင်းဖြင့် ဓာတ်အားမလုံလောက်နေချိန်တွင် ပိုမိုသုံးစွဲလာနိုင်ရုံမက ဆေးရုံ၊ စာသင်ကျောင်း စသည့်လျှပ်စစ်မီး အရေးကြီးလိုအပ်သော နေရာများသို့ပါ ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိခံစားလာနိုင်မည်ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း နိုင်ငံတော်အနေဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကြောင့် ဓာတ်အား များပျောက်ဆုံး၍ နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေလျော့ကျခြင်း၊ ဗို့အားများ ကျဆင်းခြင်း၊ ထရန်စဖော်မာများ ဝန်အားမနိုင်နင်းမှုကြောင့် လောင်ကျွမ်းပျက်စီးခြင်းများစွာကို ဖြစ်ပေါ်စေ၍ နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် မီးဘေးအန္တရာယ်များ၊ ဓာတ်လိုက်မှု အန္တရာယ်များလည်း များစွာဖြစ်ပွားလျက်ရှိနေသဖြင့် တရားမဝင်သုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိရပါက ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မ (၅၂) နှင့် (၅၃)တို့အရ ထိရောက်စွာ အမှုဖွင့်အရေးယူသွားရန် ဆောင်ရွက်လျက်ရှိပါသည်။

၎င်းနေရာတွင် အဆိုပါပုဒ်မ(၂)ခုအား ပြည်သူများ သိရှိနိုင်စေရန် ဖော်ပြပေးလိုပါသည်-

ပုဒ်မ(၅၂)။ ။ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမှလျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်းတီးခြင်း၊ အသုံးပြုခြင်းမပြုရ။ (လျှပ်စစ်ဓာတ်အားတိုက်ရိုက် ခိုးယူသုံးစွဲခြင်း မပြုလုပ်ရန် တားမြစ်ခြင်းဖြစ်ပါသည်။)

ပုဒ်မ(၅၃)။ ။မည်သူမျှ လျှပ်စီးကြောင်း လွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။ (ဓာတ်အားလိုင်းများမှ တရားမဝင် ချိတ်ဆွဲသွယ်တန်းသုံးစွဲခြင်း၊ လျှပ်စစ်မီတာအား မသမာမှုပြုလုပ်၍ ဓာတ်အားခိုးယူခြင်း စသည်တို့အား မပြုလုပ်ရန်တားမြစ်ခြင်းဖြစ်ပါသည်။)

အဆိုပါဥပဒေအရ ပုဒ်မ(၅၂)အား ချိုးဖောက်ကြောင်းနှင့် ပြစ်ဒဏ်ထိုက်သင့်ကြောင်း စစ်ဆေး တွေ့ရှိခဲ့လျှင် လျှပ်စစ်ဥပဒေပုဒ်မ(၆၂) အရ ပထမအကြိမ် ကျူးလွန်ပါက ငွေဒဏ်ချမှတ်နိုင်သော်လည်း၊ ဒုတိယအကြိမ် ထပ်မံကျူးလွန်ကြောင်း တွေ့ရှိရလျှင် ငွေဒဏ် အပြင် (၂)နှစ်အထိ ထောင်ဒဏ်ကိုပါ ချမှတ်သွားလိမ့်မည်ဖြစ်သည်။ ပုဒ်မ (၅၃)အား ချိုးဖောက်ကြောင်းနှင့် ပြစ်ဒဏ်ထိုက်သင့်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် လျှပ်စစ်ဥပဒေပုဒ်မ (၆၃) အရအနည်းဆုံး(၅)နှစ်မှ အများဆုံး(၁၀)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုပါ ချမှတ်နိုင်ကြောင်း ဖော်ပြထားပါသည်။ ပုဒ်မ(၆၄) အရ အားပေးကူညီကြောင်း ပြစ်မှုထင်ရှားသူသည် သက်ဆိုင်ရာပြစ်မှုပါ ပြစ်ဒဏ်အတိုင်း တစ်ပြေးညီ ထောင်ဒဏ်နှင့် ငွေဒဏ်များ ချမှတ်သွားလိမ့်မည် ဖြစ်ရာ မီးကိုမသိ၍ကိုင်တွယ်မိပါက ပူမည်ဖြစ်သကဲ့သို့ ဥပဒေကိုမသိ၍ လုပ်မိပါသည်ဟု ထုချေ၍ရလိမ့်မည် မဟုတ်ပါ။

အများပြည်သူများအား အသိပညာ မျှဝေလိုသည်မှာ လက်ရှိလျှပ်စစ်ဝန်ထမ်းဖြစ်စေ၊ ဝန်ထမ်းဟောင်းဖြစ်စေ၊ လျှပ်စစ်လုပ်ငန်း တတ်သိနားလည်သူတစ်ဦးဦးကဖြစ်စေ ခွင့်ပြုချက်မရှိဘဲ မီတာကို တရားမဝင်ဖြုတ်၍ Seal ကိုဖြတ်ခြင်း/ ပြုပြင်ခြင်းဆောင်ရွက်ပြီး မီတာအတွင်း မီတာ ယူနစ်မတက်အောင်ပြုပြင်ခြင်းသည် လျှပ်စစ်ဥပဒေ အရ လျှပ်စီးကြောင်း လွှဲပြောင်းခြင်းဖြစ်သဖြင့် ချက်ချင်း အချုပ်အနှောင်ခံရနိုင်သည်ကို သေသေ ချာချာ သိရှိနားလည်ကြစေလိုပါသည်။

ထို့ပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တရားမဝင်ဓာတ်အားသုံးစွဲမှုကို အရေးယူရမည့် လုပ်ထုံးလုပ်နည်း "ရုံးအမိန့်စာ" အမိန့်အမှတ် ၅၀၄/၂၀၁၉ ညွှန်ကြားချက်အရလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံခန့်ခွဲရေးနည်းလမ်းအရ တစ်ပေါင်းတည်း အရေးယူခြင်းကိုလည်း ခံကြရပါလိမ့်မည်။

အဆိုပါအမိန့်စာ(ညွှန်ကြားချက်) အရ ပြည်သူအချို့ဆောင်ရွက်လျက်ရှိသော တရားမဝင်သုံးစွဲမှုများမှာ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်း၊ ဆင့်ပွားဓာတ်အားဆက်သွယ်သုံးစွဲခြင်း၊ အထွေထွေအိမ်သုံးမီတာ/ အိမ်သုံးပါဝါမီတာမှ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ မီတာခွင့်ပြုဝန်အားထက် ပိုမိုသုံးစွဲခြင်း၊ မီတာအမျိုးမျိုးကိုပြုပြင်၍ ဓာတ်အား ခိုးယူသုံးစွဲခြင်း၊ ကန့်သတ်ထားသောအချိန်တွင် စက်မှုလက်မှုလုပ်ငန်းများအတွက် ဓာတ်အားရယူသုံးစွဲခြင်း၊ ဓာတ်အားအလှည့်ကျပိတ်ထားချိန်တွင် မိမိသဘောဖြင့် မိမိဓာတ်အားရယူသုံးစွဲခြင်း၊ ဓာတ်အားလိုင်းနှစ်လိုင်း သို့မဟုတ် နှစ်လိုင်းနှင့် အထက် ဆွဲထားခြင်း၊ မီတာအမျိုးမျိုးကိုချွတ်ယွင်းမှု(Tampered)ဖြစ်အောင် တရားမဝင်ပြုလုပ်ခြင်း၊ မီတာနှင့် တွဲဖက်အသုံးပြုရသော လျှပ်စစ်ပစ္စည်းများကို မူလအနေအထားပျက်ယွင်းအောင် ပြုပြင်မှု (Tampered) ပြုလုပ်ခြင်းတို့ဖြစ်ပါသည်။ အထက်ဖော်ပြပါအတိုင်း မသမာသောနည်းလမ်းတစ်ခုခုဖြင့် လျှပ်စစ်ဓာတ်အားကို တရားမဝင်သုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် ဝန်ကြီးဌာနမှ အဆိုပါအမိန့်စာပါ သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရေး နည်းလမ်းဖြင့်လည်း ထပ်မံအရေးယူဆောင်ရွက်သွားတော့မည်ဟု သိရှိရပါသည်။

ယခင်ကာလများက မီတာများကို ပြင်ပမှသာ မသမာမှုပြုလုပ်ကြခြင်းဖြစ်ပြီး မီတာယူနစ်မတက်အောင် မီတာမရောက်မီ အဝင်မှသုံးစွဲခြင်း (By pass)၊ မီတာအဝင်ကြိုးနှင့် အထွက်ကြိုးကို ခွထောက်ပြုလုပ်သုံးစွဲခြင်းများ၊ မီတာအဝင်ကြိုးနှင့် အထွက်ကြိုး ပြောင်းပြန်တပ်ဆင်သုံးစွဲခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသော်လည်း ယခုနောက်ပိုင်းကာလများတွင် မီတာအတွင်းသို့ပါ ပြုပြင်၍ Tampered ဖြစ်အောင် သုံးစွဲနေကြသူများအား အများအပြားတွေ့ရှိနေရပြီလည်းဖြစ်သည်။

သို့ဖြစ်ရာ လျှပ်စစ်ဓာတ်အားခမပေးရအောင် နည်းအမျိုးမျိုးဖြင့် ပြုပြင်သုံးစွဲခြင်းများသည် တရားမဝင် ဓာတ်အားသုံးစွဲခြင်းများဖြစ်၍ ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မများအရ ပြစ်ဒဏ်ထိုက်သင့်သည့်အပြင် ၂၀၁၉ ခုနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်အရလည်း စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခံရမည်ကို ပြည်သူအများ သိရှိနားလည်သဘောပေါက်ကြရန် လိုအပ်နေပြီ ဖြစ်ပါသည်။

၎င်းနေရာတွင် အလျဉ်းသင့်၍ မီတာများတွင် ပြုပြင်မရနိုင်စေရန် အသုံးပြုသော Seal များ အကြောင်းကိုလည်း အနည်းငယ်ရှင်းပြလိုပါသည်။ ယခုအခါ ဒစ်ဂျစ်တယ်မီတာများသည် electronics စနစ်သုံးများဖြစ်ရာ မီတာအတွင်းပိုင်းသို့ဖွင့်၍ ပြုပြင်မှုများရှိသဖြင့် မီတာကို cover seal ခတ်ထားပါသည်။ မီတာ၏ Body cover ကို ဖွင့်မရအောင် ခတ်ထားသော Seal များဖြစ်ပြီး မီတာစတင်ထုတ်ပေးစဉ်ကတည်းကတပ်ဆင်ပြီးပါလာသောsealဖြစ်၍ မည်သူမှ ဖွင့်ခွင့်မရှိသော seal ဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် Terminal seal ခတ်ထားပါသည်။ Terminal seal မှာ သက်ဆိုင်ရာမြို့နယ် လျှပ်စစ်ဝန်ထမ်းများခတ်ထားသော Seal ဖြစ်ပြီး တာဝန်ရှိသူမှအပ ဖွင့်ခွင့်မရှိပါ။ နောက်တစ်မျိုးမှာ မီတာတပ်ဆင်ထားသည့် Box ကို ခတ်သော Box Seal ဖြစ်ပြီး Terminal Seal ကဲ့သို့ပင်ဖြစ်သည်။ ထိုသို့ Seal များ အဆင့်ဆင့်ခတ်၍ပြုလုပ်ထားသော မီတာကို seal ပျက်စီးနေလျှင်၊ seal မရှိတော့လျှင် Tempered ဟုသတ်မှတ်ပြီး သတ်မှတ်ထားသည့် စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် အရေးယူခြင်း ခံရမည်ဖြစ်သည်။

မီတာမရှိဘဲ တိုက်ရိုက်လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်းအတွက် တပ်ဆင်ဝန်အားအရ ၁၂ နာရီနှုန်းဖြင့် တစ်နှစ်စာလျော်ကြေးတောင်းခံမည် ဖြစ်သလို

**✳ မီတာမရှိဘဲ တိုက်ရိုက်လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်းအတွက် တပ်ဆင်ဝန်အားအရ ၁၂ နာရီနှုန်းဖြင့် တစ်နှစ်စာ လျော်ကြေးတောင်းခံမည်ဖြစ်သလို တရားစွဲဆိုခြင်းကိုပါ ခံကြရပါမည်။ မီတာရှိပြီး တရားမဝင်သုံးစွဲခြင်း အတွက် တပ်ဆင်ဝန်အားအရ တစ်နေ့ရှစ်နာရီနှုန်းဖြင့် တစ်နှစ်စာလျော်ကြေး တောင်းခံမည်ဖြစ်သည့်အပြင် ဒဏ်ကြေးနှင့် အစားထိုးတပ်ဆင်ခများကိုပါ ပေးဆောင်ကြရမည်ဖြစ်**

**✳ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်စောင်တွင် မြန်မာပြည်သူများသည် လျှပ်စစ်နှင့်ပတ်သက်၍ ဗဟုသုတလွန်စွာနည်းပါးလှပြီး ဓာတ်အားခပေးဆောင်နေခြင်းကို အခပေးရသည်ဟုမထင်ဘဲ အခွန်ပေးဆောင်နေရသည်ဟု ထင်မြင်ယူဆနေကြကြောင်း၊ လျှပ်စစ်သုံးစွဲခြင်းကို ရပိုင်ခွင့်တစ်ခုကဲ့သို့ ယူဆနေကြကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကိုဖတ်ရှုခဲ့ဖူးရာ များစွာ ဝမ်းနည်းဖွယ်ရာ ကောင်းလှ**

*စာမျက်နှာ ၁၁ သို့*

# ပြည်မြို့၌ (၁၁) ကြိမ်မြောက် စုဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**ပြည် ဩဂုတ် ၁၉**

ပြည်မြို့ ဝင်္ကဘာတောရစာသင်တိုက်၌ ဩဂုတ် ၁၈ ရက်က ကျင်းပသည့် (၁၁) အကြိမ်မြောက် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း တက်ရောက်ကြည်ညို သည်။

အခမ်းအနားတွင် ပြည်မြို့ဇောတိကာရုံ ပါဠိ တက္ကသိုလ်တိုက်ကြပ်နာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ ဆရာတော်အရှင်သူမြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်း တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာ များလျှောက်ထားကာ ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားအတွက် လှူဒါန်း ငွေကျပ် ၈၅ သိန်း အပါအဝင် စုစုပေါင်း အလှူတော် ငွေကျပ်သိန်း ၂၁၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ၂၀၂၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိ ပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များနှင့် သီလရှင်များထံ အဆောင်အယောင်၊ ဘွဲ့တံဆိပ်တော်များ၊ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဩဘာသ ဆရာတော်အရှင်သူမြတ်က ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အနုမောဒနာ တရားချီးမြှင့်တော်မူပြီး ဝေနေယျသတ္တဝါအပေါင်း တို့အား ရေစက်သွန်းချအမျှပေးဝေသည်။

ယနေ့ကျင်းပသည့်အခမ်းအနားတွင် ပြည် မြို့နယ်မှ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဓမ္မာစရိယ တန်းအောင် ရဟန်း၊ သာမဏေ ၄၃ ပါး၊ သီလရှင် သုံးပါး၊ ပထမကြီးတန်းအောင် ရဟန်း၊ သာမဏေ ၂၄ ပါး၊ သီလရှင်ခုနစ်ပါး၊ ပထမလတ်တန်းအောင် ရဟန်း၊ သာမဏေ ၁၉ ပါး၊ သီလရှင်တစ်ပါး၊ ပထမ ငယ်တန်းအောင် ရဟန်း၊ သာမဏေ ၁၁၃ ပါး၊ သီလရှင် ၂၄ ပါး၊ အခြေပြုမူလတန်းအောင် ရဟန်း၊ သာမဏေ ၁၂၅ ပါး၊ သီလရှင်ကိုးပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင် လူပုဂ္ဂိုလ် ၆၄ ဦးတို့အား လှူဖွယ်များနှင့် ဘွဲ့တံဆိပ်အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဆက် (ပြန်/ဆက်)**





# ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးသို့ ဝါခေါင်လပြည့်နေ့ ဘုရားဖူးလာပြည်သူများ စည်ကား

**ပွင့်ဖြူ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူ မြို့နယ် ကျောင်းတော်ရာကျေးရွာ အနီးရှိသာသနဝင်သမိုင်းဝင် စန္ဒကူး နံ့သာ ကျောင်းတော်ရာဘုရား ကြီး၌ ယနေ့နံနက်ပိုင်းက ရပ်ဝေး ရပ်နီးမှ ဘုရားလာရောက်ကြသူ များ၊ ကုသိုလ်ကောင်းမှုပြုကြ သူများဖြင့် စည်ကားလျက်ရှိ သည်။ **(အပေါ်ပုံ)**

"ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး တွေရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ ဝါခေါင်လပြည့်နေ့မှာ ရပ်ဝေး ရပ်နီးက ဘုရားဖူးလာတဲ့သူတွေ အလွန်စည်ကား နေပါတယ်။ နောက်ပြီး ဝါတွင်းသုံးလကြာ ဘုရားကြီးရဲ့ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနေချိန်လည်း ဖြစ်လို့ ဒေသခံပြည်သူတွေနဲ့ အနယ်နယ် အရပ်ရပ်က လာရောက် ဈေးရောင်းကြတဲ့ ဈေးသည်တွေ လည်း ဈေးရောင်းကောင်းကြပါ တယ်" ဟု အဆိုပါ စန္ဒကူးနံ့သာ ကျောင်းတော်ရာ ဘုရားဂေါပက အဖွဲ့မှ ဘဏ္ဍာရေးမှူး ဦးကြည်စိုး က ပြောသည်။

ပွင့်ဖြူမြို့နယ် ကျောင်းတော် ရာ ကျေးရွာရှိ စန္ဒကူးနံ့သာ ကျောင်းတော်ရာ ဘုရားကြီးသည် ကောဇာသက္ကရာဇ် ၄၅၈ ခုနှစ် ခရစ်သက္ကရာဇ် ၁၀၉၇ ခုနှစ်တွင် မဏိစည်သူမင်းကြီး တည်ထား ကိုးကွယ်တော်မူခဲ့သည့် စေတီ တော်ကြီးဖြစ်ပြီး မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက ရဟန္တာ ၅၀၀ ခြံရံပြီး ခုနစ်ရက် တိုင်တိုင် သီတင်းသုံးနေထိုင်ခဲ့ သည့် သာသနဝင်သမိုင်းဝင် ဘုရား ကြီးဖြစ်သည့်အတွက် ယခုလို နေ့ထူးနေ့မြတ်များတွင် ပြည်တွင်း ဘုရားဖူးဧည့်သည်များက လာ ရောက်ဖူးမြော်ကြလေ့ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်

**မုံရွာ ဩဂုတ် ၁၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းရှိ ချင်းတွင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သန်းခေါင် စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက မကြာမီ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူတော့မည်ဖြစ်ရာ အလွန်ပင်တာဝန်ကြီးမားသဖြင့် အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းသည် တိုင်းဒေသကြီးအတွက် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် အလွန်အရေးကြီးသည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို မိမိတို့၏ အတွေ့အကြုံ၊ စွမ်းဆောင် နိုင်မှု အရည်အသွေး၊ စိတ်စေတနာကောင်းများဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက်ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းအောင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွား မည့် အစီအမံများအား ရှင်းလင်းတင်ပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စာရင်းစစ်/ စာရင်းကောက်လူဦးရေ ၁၀၀၀ ခန့်အပ်တာဝန် ပေးမည်ဖြစ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အပါအဝင် ခရိုင် ၁၄ ခုရှိ မြို့နယ် ၂၆ မြို့နယ်၌ စာရင်းကောက်ကွက်ပေါင်း ၂၀၂၃ ခုကို တစ်ပြိုင် တည်း ကောက်ယူမည်ဖြစ်သည်။ သန်းခေါင် စာရင်းဆိုင်ရာလုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်



ပြန့်ပြန့်သိရှိစေရေး တိုင်းရင်းသားဘာသာစကား များဖြင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်စိုက်ထူခြင်းများ ဆောင်ရွက်ထားပြီးဖြစ် သကဲ့သို့ သန်းခေါင်စာရင်းအုပ်ချုပ်မှုဆိုင်ရာ သင်တန်း ခုနစ်ကြိမ်နှင့် ဗဟိုနည်းပြသင်တန်း ဖွင့်လှစ် သင်ကြားထားပြီးဖြစ်သည်။ ယခု တိုင်းဒေသကြီး အဆင့် နည်းပြသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၀ အား ဩဂုတ် ၁၉ ရက်မှ ၃၀ ရက် အထိ ဆယ်ရက်ကြာ နည်းပြသုံးဦးက သင်ကြားပို့ချ ပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

တရားစွဲဆိုခြင်းကိုပါခံကြရပါမည်။ မီတာရှိပြီး တရားမဝင်သုံးစွဲခြင်းအတွက် တပ်ဆင်ဝန်အားအရ တစ်နေ့ ရှစ်နာရီနှုန်းဖြင့် တစ်နှစ်စာ လျော်ကြေး တောင်းခံမည်ဖြစ်သည့်အပြင် ဒဏ်ကြေးနှင့် အစားထိုးတပ်ဆင်ခများကိုပါ ပေးဆောင်ကြရမည် ဖြစ်ပါသည်။ လျော်ကြေးတောင်းခံပုံမှာ- လျော်ကြေး= တပ်ဆင်ဝန်အား(KW)x ၁၂ နာရီ (ဓာတ်အား သုံးစွဲချိန်)x၃၆၅ရက်x အမြင့်ဆုံးဓာတ်အားခနှုန်းဟု တွက်ချက်ပါသည်။ မီတာရှိပြီး တရားမဝင်သုံးစွဲခြင်းအတွက် ဓာတ်အားသုံးစွဲချိန်ကို တစ်နေ့ရှစ်နာရီ ဖြင့် ပြောင်းလဲတွက်ချက်မည်ဖြစ်ပါသည်။ Over Load ဖြင့်ဆိုလျှင် အစားထိုးတပ်ဆင်ခ သုံးဆ ပေးသွင်းရခြင်း၊ ရိုးရိုး Tampered ဖြစ်ခြင်းအတွက် ဒဏ်ကြေး ၅၀၀၀၀ ပါ ပေးသွင်းရခြင်း စသည့်အခြား သော သတ်မှတ်ချက်များလည်း ရှိလာမည်ဖြစ်ပါ သည်။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ တရားမဝင် သုံးစွဲမှုများသည် တစ်နေ့တခြား များပြားလာလျက် ရှိနေခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်ခန့်က NEP နှင့်ပတ်သက်သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ တစ်စောင်တွင် မြန်မာပြည်သူများသည် လျှပ်စစ်နှင့် ပတ်သက်၍ ဗဟုသုတလွန်စွာ နည်းပါးလှပြီး ဓာတ်အားခပေးဆောင်နေခြင်းကို အခပေးရသည်ဟု မထင်ဘဲ အခွန်ပေးဆောင်နေရသည်ဟု ထင်မြင် ယူဆနေကြကြောင်း၊ လျှပ်စစ်သုံးစွဲခြင်း အား ရပိုင်ခွင့်တစ်ခုကဲ့သို့ ယူဆနေကြကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို ဖတ်ရှုခဲ့ဖူးရာ များစွာဝမ်းနည်း ဖွယ်ရာကောင်းလှပါသည်။

ထိုကဲ့သို့ လျှပ်စစ်ဆိုင်ရာ ဗဟုသုတနည်းပါး ခြင်းကြောင့် မိမိတို့ဆောင်ရွက်မှု၏ အကျိုးဆက်ကို မသိမြင်ကြတော့ဘဲ မိမိအဆင်ပြေလျှင်ပြီးရော စိတ်ဓာတ်ဖြင့် တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲခြင်း များကို ဖြစ်ပေါ်လာစေသည်ဟုလည်း စာရေးသူ အနေဖြင့်လည်း ယူဆမိပါသည်။ သို့ဖြစ်ပါ၍ လျှပ်စစ် ဆိုင်ရာ ဗဟုသုတပညာပေးလုပ်ငန်းများကို များစွာဆောင်ရွက်ရန် လိုအပ်နေသည်ဟု ယူဆမိပါ သဖြင့် အထက်ဖော်ပြပါ တရားမဝင်သုံးစွဲမှုများအား မပြုလုပ်မိကြစေရန် ရည်ရွယ်၍ ရေးသားတင်ပြ လိုက်ရပါသည်။ ။

# အချိန်စေ့ရောက်၍ပြန်လည်ပေးဆပ်သော အရင်းနှင့်အတိုး နိုင်ငံ့စီးပွားမြှင့်တင်ရေး လည်ပတ်ရန်ပုံငွေမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းလုပ်ကိုင်လိုသူများအား ချေးငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

အချိန်စေ့ရောက်၍ ပြန်လည်ပေးဆပ်သောအရင်းနှင့် အတိုး နိုင်ငံ့စီးပွားမြှင့်တင်ရေး လည်ပတ်ရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်MSME လုပ်ငန်း လုပ်ကိုင်လိုသူများအား ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ တိုင်းဒေသကြီးအတွင်း အချိန်စေ့ရောက်၍ ပြန်လည်ပေးဆပ်သော အရင်းနှင့်အတိုး နိုင်ငံ့စီးပွားမြှင့်တင်ရေး လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME လုပ်ငန်းများနှင့် ဆက်စပ်သည့်ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်းစားရေရိက္ခာဖူလုံလာစေရန်၊ သွင်းကုန်အစားထိုးလုပ်ငန်းများနှင့် ပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ ဝင်ငွေတိုးပွားစေရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ ထပ်မံပိုမိုဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်၍ ချေးငွေထုတ်ချေးရခြင်းဖြစ်ကြောင်းနှင့် ချေးငွေရယူသော လုပ်ငန်းရှင်များအနေဖြင့် စာချုပ်ပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး မိမိတို့ချေးငွေရယူထားသော ခေါင်းစဉ်နှင့်ကိုက်ညီသည့် လုပ်ငန်းများတွင် စနစ်တကျလည်ပတ်သုံးစွဲခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်(**ယာပုံ**)နှင့် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က ချေးငွေထုတ်ယူမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းရှင်များသို့ ချေးငွေများ ပေးအပ်ကြသည်။




**ချေးငွေများထုတ်ချေး**

အဆိုပါချေးငွေများအား စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြမည့် သန်လျင်မှ ရှစ်ဦး၊ ကျောက်တန်းမှ ၁၇ ဦး၊ သုံးခွမှ ခြောက်ဦး၊ ခရမ်းမှ ၁၁ ဦး၊ ဒဂုံဆိပ်ကမ်းမှ တစ်ဦး၊ တွံ့တေးမှ ၁၉ ဦး၊ ကော့မှူးမှ ၂၅ ဦး၊ ကွမ်းခြံကုန်းမှ ၆၀၊ ဒလမှ ၁၃ ဦး၊ တိုက်ကြီးမှ နှစ်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြမည့် ကျောက်တန်းမှ တစ်ဦး၊ ဒဂုံဆိပ်ကမ်းမှ တစ်ဦး၊ တိုက်ကြီးမှ တစ်ဦး၊ သုံးခွမှ နှစ်ဦး၊ MSME လုပ်ငန်းလုပ်ကိုင်မည့် စမ်းချောင်းမှ တစ်ဦး၊ ကျောက်တန်းမှတစ်ဦး၊ မြောက်ဥက္ကလာပမှတစ်ဦး စုစုပေါင်း ၁၇၀ တို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် အချိန်စေ့ရောက်၍ ပြန်လည်ပေးဆပ်သော နိုင်ငံ့စီးပွားမြှင့်တင်ရေးလည်ပတ်ရန်ပုံငွေမှပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ၅၈၃ ဦး၊ မွေးမြူရေးလုပ်ငန်းများအတွက် ၁၀၅ ဦး၊ MSME လုပ်ငန်းများအတွက် ၂၆ ဦး တို့အား ချေးငွေများထုတ်ချေးခဲ့ကြောင်းနှင့် ၎င်းတို့အား အချိန်စေ့ရောက်၍ ပြန်လည်ပေးဆပ်သော နိုင်ငံ့စီးပွားမြှင့်တင်ရေးလည်ပတ်ရန်ပုံငွေမှ ပြန်လည်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး ပြည်နယ်အဆင့် အထူးနည်းပြသင်တန်းဖွင့်

**ဘားအံ ဩဂုတ် ၁၉**

ကရင်ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ပြည်နယ်အဆင့် အထူးနည်းပြသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး တက်ရောက်လာသူများနှင့်အတူ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာပညာပေး Video Clip များကို ကြည့်ရှုကြကာ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်က သန်းခေါင်စာရင်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။




ထို့နောက် ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၄၀ နှင့် သန်းခေါင်စာရင်းဆိုင်ရာအထောက်အကူပြု ပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး (**အပေါ်ပုံ**) တက်ရောက် လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်သည်။

**ထောက်ပံ့ကြေးများ ထောက်ပံ့**

ယနေ့ဖွင့်လှစ်သည့် ပြည်နယ်အဆင့် အထူးနည်းပြသင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ဘားအံတက္ကသိုလ် ပင်မဆောင်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ခရိုင်အဆင့် နည်းပြသင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိလည်းကောင်း၊ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းများကို စက်တင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိလည်းကောင်း သက်ဆိုင်ရာ သင်တန်းခန်းမများတွင် ဖွင့်လှစ်သွားမည်ဖြစ်ကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရီးစရိတ်၊ တည်းခိုစရိတ်၊ ကျွေးမွေးစရိတ်၊ နေ့တွက်စရိတ်များကို ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်းနှင့် ပြည်နယ် အစိုးရအဖွဲ့အနေဖြင့်လည်း သင်တန်းထောက်ပံ့ကြေးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ခင်းကျင်းပြသထားသည့် လူထုအသိပညာပေး လှုံ့ဆော်ရေး Bill Board စိုက်ထူပွဲအခမ်းအနားမှတ်တမ်းဓာတ်ပုံများ၊ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံတက္ကသိုလ်ပင်မဆောင်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပြည်နယ်အဆင့် အထူးနည်းပြသင်တန်း ဖွင့်လှစ်နေမှုနှင့် စားသောက်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျောက်တလုံးကြီးမြို့ နောင်စန့်ကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

**ကျောက်တလုံးကြီး ဩဂုတ် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ နားဟီးကျေးရွာအုပ်စု နောင်စန့်ကျေးရွာတွင် ဩဂုတ် ၁၈ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



ထိုသို့ ရေကြီးရေလျှံမှုကြောင့် အဆိုပါကျေးရွာ မြေနိမ့်ပိုင်းရှိ နေအိမ်များ ရေနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က အကြောင်းကြားလာသဖြင့် မြို့အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ နယ်မြေခံစခန်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါကျေးရွာသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း ကနဦးသိရသည်။

**ဇော်နိုင်လင်း**

# ပုပ္ပားဒေသထွက် မာလကာသီးများကို မော်လမြိုင်၊ ဘားအံ၊ သထုံ ဒေသဘက်မှ အများဆုံးမှာယူနေ

**ရန်ကုန် ဩဂုတ် ၁၉**

ပုပ္ပားဒေသမှ ထွက်ရှိသည့် မာလကာသီးများကို မော်လမြိုင်၊ ဘားအံနှင့် သထုံဒေသဘက်မှ အများဆုံး မှာယူလျက်ရှိကြောင်း အသီးအနှံဈေးကွက်အတွင်းမှ သိရသည်။

ပုပ္ပားဒေသမှထွက်ရှိသည့်မာလကာသီးများသည် အရသာကောင်းမွန်သဖြင့် လူစားသုံးမှုများသည့် အသီးအနှံထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း အသီးအနှံဈေးကွက်အတွင်းမှ သိရသည်။

"ရန်ကုန်လည်းပို့တယ်၊ မန္တလေးကိုလည်း ပို့တယ်။ ပုပ္ပားသီးကတော့ လူစားတာပိုများတယ်။ ဈေးကတော့ တခြားအသီးတွေထက် နည်းနည်းကောင်းတယ်။ လူစားသုံးမှုများတော့ အရောင်းအဝယ်က ကောင်းတယ်။ တစ်ခါပို့ရင် အိတ် ၅၀၊ ၆၀ ပို့လည်း မလောက်ဘူး"ဟု ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားမာလာကားသီး လက်လီ၊ လက်ကားရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

ထို့အပြင် ရန်ကုန်အသီးအနှံဈေးကွက်အတွင်း၌လည်း ပုပ္ပားဒေသထွက် မာလကာများကို စားသုံးမှုများကြောင်းလည်း သိရသည်။ ပုပ္ပားဒေသထွက် မာလကာများသည် အခြားမာလကာများထက် ကြွပ်ရွခြင်း၊ ချိုခြင်း၊ အရသာကောင်းမွန်ခြင်းတို့ကြောင့် လူစားသုံးမှုများခြင်းဖြစ်ကြောင်း သိရသည်။

"ပန်းမာလကာနဲ့ တချို့ဒေသဘက်ကထွက်တဲ့ဟာကတော့ အရသာက နည်းနည်းဖွာတယ်။ ဒီဟာက ကြွပ်တယ်။ သုပ်စားရင်ပိုပြီးတော့ အရသာရှိတယ်၊ သူက ရာသီမရွေးထွက်တယ်" ဟု အဆိုပါကျောက်ပန်းတောင်း မြို့နယ်ရှိ ပုပ္ပားမာလာကားသီး လက်လီ၊ လက်ကားရောင်းဝယ်ရေးလုပ်ကိုင်သူက ပြောသည်။

**Thit Taw**

# ဂါဇာငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဟားမားစ်နှင့် အစ္စရေးတို့အကြား သဘောထားကွဲလွဲနေဆဲ



**ဂါဇာ ဩဂုတ် ၁၉**

ဂါဇာကမ်းမြောင်၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ဓားစာခံများ လွှတ်ပေးရေးနှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိရေးတွင် အဟန့် အတားဖြစ်စေသည်ဟုဆိုကာ ဟားမားစ်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို ဝေဖန်ပြစ်တင်လိုက်သည်။

ဝန်ကြီးချုပ် နေတန်ယာဟုက ယင်းကိစ္စရပ်နှင့်ပတ်သက်ပြီး ၎င်း၏ တင်းမာသော သဘောထားကို စွဲကိုင်ထားကြောင်း၊ အစ္စရေး တပ်မတော်က တနင်္ဂနွေနေ့တွင် ဂါဇာတစ်ဝန်း တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုကြောင့် နူဆီရတ်ဒုက္ခသည်စခန်း၌ ငါးဦး သေဆုံးကြောင်း ဒေသမီဒီယာများက အစီရင်ခံ ဖော်ပြထားသည်။ ပြီးခဲ့သည့် သီတင်းပတ်က ကာတာနိုင်ငံ၌ ပြုလုပ်ခဲ့သော နှစ်ရက်ကြာ ဆွေးနွေးမှုအတွင်း ဆွေးနွေးမှုတစ်ခုကို အတိုချုံးရှင်းပြသည့် ထုတ်ပြန်ချက်ကို ဟားမားစ်က တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့သည်။

ယင်းထုတ်ပြန်ချက်တွင် အထူးသဖြင့် အမြဲတမ်းအပစ်အခတ်ရပ်စဲရေးနှင့် ဂါဇာကမ်းမြောင်မှ အလုံးစုံဆုတ်ခွာရေးတို့ကို ငြင်းပယ်သော အစ္စရေးဝန်ကြီးချုပ်၏ သတ်မှတ်ချက်အသစ်များကို တုံ့ပြန်ထားကြောင်း ဖော်ပြထားသည်။

ထို့အပြင် ယင်းထုတ်ပြန်ချက်တွင် ရာဖာနယ်စပ်နှင့် အီဂျစ်နှင့် နယ်စပ်အနီး အခြားသောဒေသများကို ဆက်လက်သိမ်းပိုက်ရေး အပါအဝင် နေတန်ယာဟုက သတ်မှတ်ချက်များကို ချမှတ်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# အလုပ်ခွင်မတော်တဆမှုများကြောင့် နယူးဇီလန်နိုင်ငံသား ထက်ဝက်နီးပါး ထိခိုက်နစ်နာမှုများခံစားရ

**ဝယ်လင်တန် ဩဂုတ် ၁၉**

နယူးဇီလန်နိုင်ငံသား ထက်ဝက်နီးပါးသည် မိမိကိုယ်တိုင်အပြင် လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများ၏ လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆမှုများကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေရကြောင်း ဩဂုတ် ၁၉ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။



နယူးဇီလန် အစိုးရ၏ မတော်တဆ ထိခိုက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် လျော်ကြေးပေးရေး ကော်ပိုရေးရှင်း၏ အဆိုအရ အသက်ဆုံးရှုံးမှုနှင့် ဆိုးရွားသော ထိခိုက်ဒဏ်ရာရမှု စရိတ်များ အပါအဝင် လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေး စွမ်းဆောင်ရည် ကုန်ကျစရိတ်သည် ယမန်နှစ်က နယူးဇီလန် ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇ ဘီလီယံ) အထိ မြင့်တက်ခဲ့ကြောင်း အစီရင်ခံစာက ဆိုသည်။

၂၀၂၂ ခုနှစ်ကလည်း အဆိုပါ ကုန်ကျစရိတ်သည် နယူးဇီလန် ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၇ ဘီလီယံ)အထိရှိခဲ့ကြောင်း နယူးဇီလန်နိုင်ငံ ကျန်းမာရေးနှင့် ဘေးကင်းရေးစနစ်၏ စွမ်းဆောင်ရည်ကို နှစ်စဉ်အကဲဖြတ် ထုတ်ပြန်ပေးနေသည့် စီးပွားရေး ခေါင်းဆောင်များ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာဖိုရမ်၏ အစီရင်ခံစာက ဖော်ပြသည်။

ယင်းကဲ့သို့ ဥပဒေပြုရေးဆိုင်ရာ သတ်မှတ်ချက်များရှိသည့် အလားတူ သုံးနိုင်ငံအနက် နယူးဇီလန်၏ အလုပ်ခွင်ထိခိုက်သေဆုံးမှုနှုန်းသည် ဩစတြေးလျထက် ၆၀ ရာခိုင်နှုန်းနှင့် ဗြိတိန်ထက် ၅၀၀ ရာခိုင်နှုန်း ပိုမိုမြင့်မားသည်ဟု အစီရင်ခံစာက ဆိုသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း ပထမဆုံးအကြိမ် မျောက်ကျောက်ရောဂါကူးစက်ခံရသူ တွေ့ရှိ

**မနီလာ ဩဂုတ် ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ တစ်ဦး ထပ်မံတွေ့ရှိသည့်အတွက် စုစုပေါင်း ရောဂါကူးစက်ဖြစ်ပွားသူ ၁၀ ဦးအထိရှိလာကြောင်း ကျန်းမာရေးဌာနက တနင်္လာနေ့တွင် ပြောသည်။

ယင်းမှာ ယခုနှစ်အတွင်း ပထမဆုံး မျောက်ကျောက်ရောဂါ ကူးစက်ခံရခြင်းဖြစ်ပြီး တနင်္ဂနွေနေ့က ဌာနသို့ အစီရင်ခံတင်ပြခဲ့ကြောင်း ကျန်းမာရေးဌာနက ပြောသည်။ ရောဂါကူးစက်ခံရသူမှာ အသက် ၃၃ နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးဖြစ်ကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံပြင်ပသို့ ခရီးသွားမှတ်တမ်းမရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါ နောက်ဆုံးကူးစက်ဖြစ်ပွားမှုမှာ ယမန်နှစ် ဒီဇင်ဘာလက ဖြစ်သည်။ ယခင်မျောက်ကျောက်ရောဂါကူးစက်ခံရသူအားလုံးကို သီးသန့်ခွဲခြားထားကာ ဆေးဝါးကုသမှုပေးခဲ့ကြောင်း ယခုအခါ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောသည်။

**ဆင်ဟွာ**





# ဂျော်ဒန်မှ အကူအညီပေးရေး ထရပ်ကား ၁၁၈ စီး ဂါဇာသို့ ဝင်ရောက်

**အမ္မန် ဩဂုတ် ၁၉**

စနေနေ့တွင် အဆုံးသတ်ခဲ့သော သီတင်းတစ်ပတ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ထရပ်ကား ၁၁၈ စီး ဂါဇာကမ်းမြောင်သို့ ဝင်ရောက်ခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ဂျော်ဒန်ဟာရှီမိုက်ပရဟိတ အဖွဲ့အစည်း (ဂျေအိတ်ချ်စီအို) က ထုတ်ပြန်ကြေညာလိုက်သည်။

ဂျော်ဒန်တပ်မတော်နှင့် ဂျေအိတ်ချ်စီအိုတို့ ပူးပေါင်းထောက်ပံ့ခြင်းဖြစ်ပြီး ယင်းထောက်ပံ့ကူညီမှုတွင် အသင့်အစားအစာများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အဝတ်အထည်များ၊ စောင်များ၊ ဆေးဝါးထောက်ပံ့မှုများ၊ ရွက်ဖျင်တဲများ၊ မွေ့ရာများ စသည်တို့ ပါဝင်ကြောင်း သိရသည်။

ယင်းထောက်ပံ့ကူညီမှုများကို ဂါဇာကမ်းမြောင်ရှိ မိတ်ဖက်အဖွဲ့အစည်းများက ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ လက်ရှိအချိန်အထိ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းများမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ထရပ်ကား အစီး ၃၁၅၀ ပို့ဆောင်ထားပြီးဖြစ်ကြောင်း ဂျေအိတ်ချ်စီအိုအတွင်းရေးမှူးချုပ် ဟွတ်ဆိန်းရှီဘယ်က ပြောသည်။

**ဆင်ဟွာ**

# တောင်ဆူဒန်ရှိ ကယ်ဆယ်ရေးလုပ်သားများ ဘေးကင်းရေးနှင့်လုံခြုံရေး ပထမဦးစားပေးဖြစ်ကြောင်း သက်ဆိုင်သူအားလုံးကို ကုလသမဂ္ဂတိုက်တွန်း

**ဂျူဘား ဩဂုတ် ၁၉**

တောင်ဆူဒန်ရှိအကူအညီပေးရေး လုပ်သားများအား ဘေးကင်းရေးနှင့် လုံခြုံရေးကို ဦးစားပေး လုပ်ဆောင်ရန် သက်ဆိုင်သူအားလုံးကိုကုလသမဂ္ဂကယ်ဆယ်ရေး အေဂျင်စီက ဩဂုတ် ၁၉ ရက်တွင် တိုက်တွန်းလိုက်သည်။

**တိုက်ခိုက်ခံရမှု ၂၄ ကြိမ်ရှိ**

တောင်ဆူဒန် နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အလုပ်သမားများ တိုက်ခိုက်ခံရမှု ၂၄ ကြိမ်ရှိခဲ့သဖြင့် ၎င်းတို့အတွက် အန္တရာယ်ရှိသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း တောင်ဆူဒန် နိုင်ငံအတွက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး အနီတာကီကီဘယ်ဟိုက ပြောကြားသည်။

**အကြမ်းဖက်မှု ၁၃၅ မှုရှိ**

ဇန်နဝါရီလမှ ဇူလိုင်လအတွင်း လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းတွင် ထိခိုက်မှု ၂၆၇ ခုရှိခဲ့ပြီး လုယက်မှုနှင့် ခိုးယူမှု ၂၈ မှု အပါအဝင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပိုင်ဆိုင်မှုများကို တိုက်ရိုက်အကြမ်းဖက်မှု ၁၃၅ မှုရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ)က ဆိုသည်။

**သန်းပေါင်းများစွာထိခိုက်မည်**

အကူအညီပေးရေး လုပ်သားများအတွက် ဘေးကင်းလုံခြုံသော နေရာမရှိပါက ၎င်းကို မှီခိုနေရသူ သန်းပေါင်းများစွာကို ထိခိုက်စေမည်ဖြစ်ကြောင်း ကမ္ဘာ့လူသားချင်းစာနာ ထောက်ထားမှုနေ့ အထိမ်းအမှတ်အဖြစ် မြို့တော် ဂျူဘား၌ ဘယ်ဟိုက ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**



# ဂျင်ရဲမြောင်(စံပြ)ကျေးရွာတွင် မိုးနှမ်းများ စတင်ထွက်ပေါ်လျက်ရှိ



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့ ကုန်ကြီးကျေးရွာအုပ်စု ဂျင်ရဲမြောင် (စံပြ) ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး ကြက်သွန်နီ၊ ဝါ၊ ပဲတီစိမ်း၊ နေကြာ၊ နှမ်းတို့ကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ မိုးနှမ်းသီးနှံ စိုက်ဧက ၁၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

နှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းနီ၊ နှမ်းနက်နှင့် နှမ်းဖြူမျိုးများကို စိုက်ပျိုးကြပြီး နှမ်းနီမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ နှမ်းမျိုးများကို တစ်ပြည်လျှင် ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့် အထက်မင်းလှမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝယ်ယူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် နှစ်ပြည်စိုက်ပျိုးရကြောင်း၊ မိုးနှမ်းကိုထွန်ယက်၍ ကြောင်းဆွဲစနစ်ဖြင့် စိုက်ပျိုးကြကာ မေလတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့်ကုန်ကျပြီး မိုးနှမ်းသီးနှံကို ရာသီဥတုအပေါ်မူတည်၍စိုက်ပျိုးရပြီး မိုးရွာသွန်းမှုများပြားလျှင် နှမ်းပင်များပျက်စီး၍ အထွက်နှုန်း လျော့နည်းနိုင်ပြီး မိုးရွာသွန်းမှုနည်းပါးလျှင် မျိုးစေ့အောင်မြင်မှု နည်းပါး၍ အထွက်နှုန်း လျော့နည်းနိုင်ကြောင်း၊ ရာသီဥတု သင့်တင့်မျှတမှုရှိလျှင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းမွန်ကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် တစ်ဧကလျှင် ခြောက်တင်းခန့်သာထွက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် နှမ်းနက် (စမုန်) တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ နှမ်းစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် နှမ်းနက် (စမုန်) မျိုးအတွက် ငွေကျပ် ၅၆၀၀၀၀၊ နှမ်းနီမျိုးအတွက် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းဖြူမျိုးအတွက် ငွေကျပ် ၄၄၀၀၀၀ အကျိုးအမြတ်များ ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA(မကွေး)

# ပခုက္ကူဈေးကွက်၌ ပဲတီစိမ်းအသေး(ခေါ်) ပဲနောက်သီးနှံများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူဈေးကွက်သို့ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲတီစိမ်းအသေး(ခေါ်)ပဲနောက်သီးနှံများ ဩဂုတ်လ ပထမပတ်မှစတင်၍ ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံများကို တစ်နှစ်လျှင် နှစ်ရာသီမိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြပြီး ပခုက္ကူခရိုင်အတွင်း အများဆုံးစိုက်ပျိုးသည့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသော ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံများ အများဆုံးဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဩဂုတ်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၆၃၀၀-၇၅၀၀၀ နှုန်းဖြင့် တစ်ရက်လျှင် ပိဿာချိန် ၃၀ ဝင် အိတ်ရေ ၃၀၀ မှ ၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဩဂုတ်လ ပထမပတ်နှင့် ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဩဂုတ်လ ပထမပတ်တွင် ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၃၅၀၀-၇၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် ပဲတီစိမ်းအသေး(ခေါ်) ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၂၈၀၀ ခန့် ဈေးနှုန်းအနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဈေးကွက်အနေဖြင့် ဒေသတွင်း ဝယ်ယူစားသုံးမှုအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း ဈေးကွက်မှ သိရှိရသည်။

DOCA (မကွေး)

# မကွေးမြို့နယ်၌ ဖူးစားပြောင်းများစိုက်ပျိုးခြင်းဖြင့် တောင်သူများအဆင်ပြေ အကျိုးအမြတ်များသော သီးနှံဖြစ်သဖြင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ယင်းဆိပ်၊ တမို့အုန်းတွဲ ကျေးရွာများတွင် နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးကြပြီး ဖူးစားပြောင်းသီးနှံ ငါးဧက ခွဲခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မျိုးအနေဖြင့် ဖူးစားပြောင်း (ပံ-75)မျိုးကို စိုက်ပျိုးကြပြီး မြေအောက်ရေတင် စနစ်ဖြင့် တန်းကြား နှစ်ပေအကွာ၊ ပင်ကြား ၁၀ လက်မ အကွာ အစေ့ချ၍ စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ဖူးစားပြောင်း (ပံ-75) မျိုးစေ့ တစ်ထုပ်လျှင် ၅၀၀ ဂရမ်ပါအထုပ် ငါးထုပ်ခန့် စိုက်ပျိုးရပြီး ဖူးစားပြောင်း (ပံ-75) ကို ဇွန်လတွင် စတင်စိုက်ပျိုး၍ ဩဂုတ်လတွင် ထွက်ပေါ်လျက်ရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၆၀၀၀၀၀ ကျော် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ရာသီဥတု ပြောင်းလဲမှုနှင့် ပြုစုပျိုးထောင်မှု အပေါ်မူတည်၍ တစ်ဧကလျှင် ပြောင်းဖူး ၉၀၀၀-၁၂၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် ပြောင်းဖူး တစ်ဖူးလျှင် လက်ကားဈေး ငွေကျပ် ၃၅၀-၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၀ ကျော် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းသည်များက စိုက်ခင်းသို့ လာရောက်ဝယ်ယူမှုများရှိပြီး တောင်သူများအနေဖြင့်လည်း မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးခြင်းသည် တိရစ္ဆာန်အစာအတွက် ဖူလုံမှုများရှိသကဲ့သို့ တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိသောကြောင့် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

# မကွေးဈေးကွက်၌ ပဲစင်းငုံအနီများ ဈေးနှုန်းအနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး မကွေးဈေးကွက်သို့ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မင်းဘူးမြို့ မြို့သစ်မြို့ နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံအနီသီးနှံများ ဝင်ရောက်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဩဂုတ်လ ဒုတိယပတ်တွင် ပဲစင်းငုံအနီတစ်တင်းလျှင် ငွေကျပ် ၁၄၆၀၀၀ ဖြင့် ၆၁၂ တင်း၊ တန်အားဖြင့် တန် ၂၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဩဂုတ်လ ပထမပတ်နှင့် ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဩဂုတ်လ ပထမပတ်၌ ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀၀ ဖြစ်ရာ ဩဂုတ်လ ဒုတိယပတ်တွင် ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၆၀၀၀ ပိုမိုရရှိပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ကြောင်း သိရသည်။

DOCA (မကွေး)

## ၁၉.၈.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၂၀၀၀ | ၆၆၈၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၅၅၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၆၆၄၅ | ၁၁၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၃၀၀ | ၁၈၅၀၀ | ၆၄၂၅ | ၁၅၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၈၇၅ | ၁၂၅၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၇၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၈၀၀ | ၁၀၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၅၇၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၆၇၅၀ | ၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၇၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၉၀၀ | ၈၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၁၆၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၂၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၈၆၀၀ | ၇၀၃၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၆၀၀ | ၁၉၅၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၂၀၀ | ၅၆၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၀၃၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၂၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၆၀၀ | ၁၂၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၃၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၅၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | | ၁၅၀၀၀ |

## မြင်းခြံ - နွားထိုးကြီး နယ်စပ်နှင့် ငါန်းဇွန်မြို့နယ်၊ သပိတ်ကျင်းမြို့နယ် တကောင်းမြို့တို့ကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်–နွားထိုးကြီးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာများနှင့် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ရှိ ရှေးဟောင်းလေးမျက်နှာစေတီအား ဩဂုတ် ၁၈ ရက်တွင် တပ်မတော်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများထံ ဆက်သွယ်မေးမြန်းရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် တပ်မတော်လေကြောင်းသည် အဆိုပါနေ့ရက်တွင် ထိုမြို့နယ်များသို့ လာရောက်ပျံသန်းမှုမရှိခဲ့ကြောင်း သိရှိရသည်။ မြင်းခြံမြို့နယ် – နွားထိုးကြီးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းရာနေရာများကို ထိရောက်စွာ ပစ်ခတ်တိုက်ခိုက်လျက်ရှိကြောင်းနှင့် PDF အဖွဲ့များက တကောင်းမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ရှေးဟောင်း လေးမျက်နှာစေတီ၏ ဘေးပတ်လည်နံရံများ ထိမှန်ပျက်စီးခြင်းသာဖြစ်ကြောင်း သိရှိရသည်။







အကြမ်းဖက်သောင်းကျန်းသူ ပြည်ဖျက်မိစ္ဆာခေါ် သာသနာဖျက်မိစ္ဆာများသည် ဗုဒ္ဓဘာသာဝင်တို့ ဗုဒ္ဓဘုရားရှင် ကိုယ်စားပူဇော်သည့် ဥဒ္ဒိဿစေတီတော်များကို ရှိုင်းစိုင်းစွာ အကြိမ်ကြိမ်ဖျက်ဆီးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကိုးကွယ်ရာ ဘာသာများဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ စသည့်ဘာသာများကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့သည် ကိုးကွယ်ရာ ဘာသာအလိုက် အားပေးမှု၊ ချီးမြှောက်မှု၊ ထောက်ခံမှုများသာ စဉ်ဆက်မပြတ် လုပ်ဆောင်နေသည်မှာ မြန်မာသာမက ကမ္ဘာကပင် သိရှိပြီးဖြစ်သည်။ ယခုဖြစ်စဉ်တွင်လည်း ဗုဒ္ဓဘာသာဝင်များကို စိတ်နှလုံး မသာမယာဖြစ်အောင် တပ်မတော်ကို ထိုးနှက်အပုပ်ချရန် ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းမှားလုပ်ကြံဖန်တီး ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်း နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။ **သတင်းစဉ်**

## ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုပြိုင်ပွဲ ကျင်းပ

**ချောက် ဩဂုတ် ၁၉**
မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ခရိုင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ဦးဆောင်၍ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုအဖြစ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီး ကျန်းမာရေးဆရာမကြီး ဒေါ်စောနန်းထွေးက ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များအား အစာအုပ်စု သုံးစုအကြောင်း ရှင်းလင်းပြောကြားပြီး အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်နည်းများအကြောင်း အသိပညာပေးသည်။



ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်း၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းနွမ်ခန်းခေါင်နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသက်ဦးတို့က စံပြမိခင်နှင့် ကလေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သားဖွားဆရာမ ဒေါ်လှလှဝင်း ဦးဆောင်၍ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက မိခင်နို့စနစ်တကျတိုက်ကျွေးနည်းကို သရုပ်ပြသင်ကြားပြီး ငါးနှစ်အောက် ကလေးငယ်များအား ကိုယ်အလေးချိန် တိုင်းတာခြင်း၊ လက်မောင်းလုံးပတ် တိုင်းတာခြင်း၊ ဗီတာမင်အေနှင့် သန်ချဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်သည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား အာဟာရနို့ဆန်ပြုတ်များ တိုက်ကျွေးကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိ

(၁၉–၈–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၁–၈–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈–၈–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၈၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၉**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် ည ၈ နာရီတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု လွယ်တော်ခမ်းကျေးရွာအနီးတွင် ဇော်မင်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၃ နာရီတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဖေ့လေလန်ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အိုက်ရှုန်(ခ)စိုင်းရှုန် အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ည ၇ နာရီတွင် လွိုင်လင်မြို့ အမှတ်(၂) ရပ်ကွက်၌ စိုင်းမိုင်းခွန်း မောင်းနှင်လာသည့် FUSO ၁၂ ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ထိန်းချုပ်ဓာတုပစ္စည်း Ammonium Nitrate ၂၉၅၀၀ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



စိုင်းမိုင်းခွန်း အား သိမ်းဆည်းရမိသည့် Ammonium Nitrate များနှင့် အတူ တွေ့ရစဉ်။

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၉

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “တိမ်လိုလူ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဘုရားကြီး(၁)ရပ်ကွက်နေ မျိုးဦးအား နံနက် ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Smile Lay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မိုးညိုမြို့နယ် ပေါက်ကုန်းကျေးရွာနေ စုကြည်ဌေးအား ည ၉ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Saw Daniel” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပန်းဘဲတန်းရပ်ကွက်နေ စောဒယ်နီရယ်(ခ)ရှမ်းကြီးအား ည ၉ နာရီခွဲ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ပေး

မောင်သောင်းဝင်း(တမန်ဟောင်း)

ပုခက်လွှဲသောလက်များဖြစ်ကြသည့် မိခင်များသည် တိုင်းပြည်အနာဂတ်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် ရင်သွေးငယ်များကို ပြုစုပျိုးထောင်ရာ၌ များစွာအရေးပါသည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အာဟာရပြည့်ဝနေမှသာလျှင် ကျန်းမာကြံ့ခိုင်သော ရင်သွေးငယ်တစ်ဦးကို မွေးဖွားနိုင်မည်ဖြစ်သည်။ ထို့ပြင် ရင်သွေးငယ်များအတွက် မရှိမဖြစ်လိုအပ်သော နို့ချိုအာဟာရကိုလည်း တိုက်ကျွေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ တတိယ သီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ကာ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လူထုလှုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိသည်။

### လူတိုင်းအတွက်အာဟာရ

အာဟာရဓာတ်ဟူသည် သက်ရှိသတ္တဝါတိုင်း အသက်ရှင်သန်ကျန်းမာရေးအတွက် လိုအပ်သောဩဇာဓာတ်ပင်ဖြစ်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ လှုပ်ရှားသွားလာနိုင်ရေး၊ မျိုးဆက်ပွားရေး၊ ခွန်အားနှင့် ရောဂါဘယကာကွယ်ရေးအတွက် လိုအပ်သည့် အာဟာရကို အစားအစာများ စားသုံးရာမှရရှိခြင်းဖြစ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သည့် အာဟာရရရှိရန် အစားအစာကို ဝဝလင်လင်လုံလောက်စွာ မစားရလျှင်ဖြစ်စေ၊ စားသည့်အစာမှ အာဟာရလုံလောက်စွာမရရှိလျှင်ဖြစ်စေ အာဟာရချို့တဲ့မှုဖြစ်ပေါ်လာသည်။ မကြိုက်သည့်အစားအစာဖြစ်၍ မစားခြင်း၊ ကြိုက်သည့်အစားအစာ အနည်းငယ်မျှကိုသာ စားနေခြင်း၊ အစာရှောင်ခြင်း စသည်တို့ကြောင့် အစားအစာကို အမည်စုံအောင် မစားဖြစ်သည့်အခါ အာဟာရဓာတ်တစ်ခုခု ချို့တဲ့ခြင်းတို့လည်း ဖြစ်စေသည်။

### ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အထူးလိုအပ်

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားစဉ် မိခင်သေဆုံးမှုနှုန်းသည် တစ်သိန်းလျှင် ၂၈၂ ဦးရှိခြင်းကြောင့် အရှေ့တောင်အာရှဒေသတွင် ဒုတိယအမြင့်မားဆုံးဖြစ်ပြီး အရှေ့တောင်အာရှဒေသ၏ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားစဉ် မိခင်ပျမ်းမျှသေဆုံးမှုနှုန်း တစ်သိန်းလျှင် ၁၄၀ ထက် နှစ်ဆကျော်လွန်နေသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်တို့ အာဟာရချို့တဲ့ပါက မိခင်ရောကလေးပါ ကျန်းမာရေးထိခိုက်နိုင်ပြီး တစ်ခါတစ်ရံတွင် သေဆုံးသည်အထိ ဖြစ်နိုင်သည်။ ထို့ကြောင့် လိုအပ်သည့်အာဟာရရရှိရန် အစားအစာကို ဝဝလင်လင်လုံလောက်စွာ စားသုံးရန် လိုအပ်သည်။

ကိုယ်ဝန်ဆောင်မိခင်အချို့သည် ကလေးထွားလျှင် မွေးရခက်မည်ကိုစိုးရိမ်သဖြင့် အစားလျှော့ခြင်း၊ ရှောင်ခြင်းတို့သည့် မှားယွင်းသော အယူအဆပင်ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များသည် သာမန်အချိန်ထက် တစ်နပ်ပို၍စားရန်နှင့် အာဟာရဓာတ်အစုံအလင်ပါဝင်အောင် နေ့စဉ်စားသုံးရန် ပညာရှင်များက တိုက်တွန်းထားသည်။ ဖောလစ်အက်စစ်၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ ဗီတာမင်ဒီ၊ စီ၊ ဘီဝမ်း၊ ဘီတူး၊ ဘီတွဲလ်၊ ဇင့်ဓာတ်ပါ ဆေးဝါးတို့ကို ဆရာဝန်များ၏ လမ်းညွှန်ချက်ဖြင့် သောက်ရန်လည်း လိုအပ်သည်။

မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုများ (ဥပမာ-နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ) ဖြစ်ခြင်းမှ ကာကွယ်ရန် ကိုယ်ဝန်ရှိကြောင်း စတင်သိရှိချိန်မှစ၍ သံဓာတ် ၆၀ မီလီဂရမ်နှင့် ဖောလစ်အက်စစ် (၄၀၀ မိုက်ခရိုဂရမ်)ဆေးပြားကို တစ်နေ့တစ်ပြား နေ့စဉ်သောက်ပေးရန်လိုအပ်သည်။ ကိုယ်ဝန်သုံးလနောက်ပိုင်းတွင် သန်ချဆေးပြား (Mebendazole 500 mg) တစ်ကြိမ် သောက်သုံးရန်လိုအပ်သည်။ ကိုယ်ဝန်ကိုးလမှစ၍ ကလေးမွေးဖွားပြီး သုံးလအထိ ဗီတာမင်ဘီဝမ်းဆေးပြားကို သတ်မှတ်ထားသော ပမာဏအတိုင်း နေ့စဉ်သောက်သုံးရန်လိုအပ်သည်။

နို့တိုက်မိခင်သည်လည်း မိမိအတွက်ရော ကလေးအတွက်ပါ အာဟာရဓာတ်လုံလောက်စွာရရှိစေရန် အစားကိုပိုစားရန်နှင့် အစားမရှောင်ရန်၊ မီးဖွားပြီးတစ်လအတွင်း အင်အားပြည့် ဗီတာမင်အေ ယူနစ်နှစ်သိန်းပါသော ဆေးလုံးတစ်လုံး တစ်ကြိမ်သောက်ရန်နှင့် မီးဖွားပြီး သုံးလအထိ ဗီတာမင်ဘီဝမ်းအားဆေး နေ့စဉ်သောက်ရန်လည်း ကျန်းမာရေးဆိုင်ရာပညာရှင်များက တိုက်တွန်းထားရှိသည်။

> **“မိခင်တစ်ဦးသည် ရင်သွေးငယ်ကိုနို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာစားသုံးပါက အမွှာကလေးများအတွက်လည်း မိခင်နို့ လုံလောက်စွာ တိုက်ကျွေးနိုင်ပါသည်။ အမှန်တော့ နို့တိုက်မိခင်များသည် အစာပို၍ စားသုံးရန် လိုအပ်သည်။ ထမင်းနှင့်ဟင်းတစ်နပ် ပိုစားရန်လိုသည်။ နို့တိုက်မိခင်သည် ငန်လွန်း၊ စပ်လွန်းသောအစာမှလွဲ၍ အစားလုံးဝမရှောင်သင့်ပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သော အာဟာရများပြည့်စုံကာ လုံလောက်သောပမာဏ ရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက်ပိုစားရန် လိုအပ်သည်”**

နို့တိုက်မိခင်သည် ငန်လွန်းသောအစာမှလွဲ၍ အစားလုံးဝရှောင်ရန်မလိုပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သောအာဟာရများ ပြည့်စုံကာ လုံလောက်သော ပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက် အင်အားပြည့်စားရန် လိုအပ်သည်။ အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာနှင့် ရောဂါကာကွယ်စေသောအစာ စသည့် အစာအုပ်စု သုံးမျိုးစလုံးပါအောင် စားသောက်ရမည် ဖြစ်သည့်အပြင် ပမာဏအားဖြင့်လည်း ပိုစားသုံးရန်လိုအပ်သည်။

ကိုယ်ဝန်ဆောင်မိခင်များ သွေးအားနည်းလျှင် ကိုယ်ဝန်ဆောင်နေစဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးကာလများအတွင်း အသက်အန္တရာယ် ကြုံတွေ့နိုင်သည်။ လမစေ့၊ ပေါင်မပြည့်သောကလေး မွေးဖွားတတ်သည်။ ထို့ကြောင့် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှ ကာကွယ်ရန် သံဓာတ်ကြွယ်ဝသော အစားအစာများကို နေ့စဉ်စားသုံးရန် လိုအပ်သည်။ အသား၊ အသည်းနှင့် သွေးခဲတို့သည် သံဓာတ်အထူးကြွယ်ဝသဖြင့် တတ်နိုင်သမျှ စားသုံးသင့်သည်။ ဟင်းနုနယ်ရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ချဉ်ပေါင်ရွက် စသည့် အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးသည် သံဓာတ်အတော်အတန်ကြွယ်ဝသဖြင့် နေ့စဉ်စားသုံးသင့်သည်။ အသားဓာတ်နှင့် အချဉ်ဓာတ် (ဗီတာမင်စီ)သည် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးမှသံဓာတ်ကို အစာလမ်းကြောင်းမှ လွယ်ကူစွာစုပ်ယူနိုင်အောင် ကူညီသည်။

အိုင်အိုဒင်းသည်လည်း သံဓာတ်၊ ထုံးဓာတ်တို့ကဲ့သို့ပင် သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်၏ ဇီဝကမ္မလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးတို့အတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာ စားသုံးရန် လိုအပ်သည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ကိုယ်ဝန်ပျက်ကျတတ်သည်။ ကလေးအသေမွေးတတ်သည်။ လမစေ့၊ ပေါင်မပြည့်သောကလေး၊ ဆွံ့အနားမကြားသော ကလေး၊ ဉာဏ်ရည်နိမ့်သောကလေး၊ ခြေလက်မသန်စွမ်းသောကလေး မွေးတတ်သည်။ ကလေးငယ်များ အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ခန္ဓာကိုယ်စံချိန်မီ မကြီးထွားနိုင်ဘဲ သေးကွေးပုညှက်နေတတ်သည်။ ဉာဏ်ထိုင်းပြီး လည်ပင်းကြီးရောဂါဖြစ်တတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ ထုံထိုင်းနေးကွေးနေမည်ဖြစ်သည်။ ထို့ကြောင့် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာရရှိရန် အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးရန်လိုအပ်သည်။ သန္ဓေသားဘဝမှစ၍ သက်ကြီးရွယ်အိုဘဝအထိ အိုင်အိုဒင်းအာဟာရကို လုံလောက်စွာ မှီဝဲသွားရန်လိုအပ်သည်။

### သဘာဝမိခင်နို့ရည်

စင်စစ်အားဖြင့် မိခင်နို့ရည်သည် ကလေးငယ် ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံး အာဟာရပင်ဖြစ်သည်။ နို့ဦးရည်နှင့် မိခင်နို့သည် ကလေးငယ် ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှ ကလေးကိုပေးနိုင်သည့် ပထမဆုံးနှင့် တန်ဖိုးအရှိဆုံး ကာကွယ်ဆေးပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်နှင့်ကလေးငယ်တို့ကြား သံယောဇဉ်တွယ်တာမှု ပိုမိုခိုင်မာစေသည်။

မိခင်တစ်ဦးသည် ရင်သွေးငယ်ကို နို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်ပွားမည့် အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာ စားသုံးပါက အမွှာကလေးများအတွက်လည်း မိခင်နို့လုံလောက်စွာ တိုက်ကျွေးနိုင်ပါသည်။ အမှန်တော့နို့တိုက်မိခင်များသည် အစာပို၍ စားသုံးရန် လိုအပ်သည်။ ထမင်းနှင့် ဟင်းတစ်နပ်ပိုစားရန်လိုသည်။ နို့တိုက်မိခင်သည် ငန်လွန်း၊ စပ်လွန်းသော အစာမှလွဲ၍ အစားလုံးဝမရှောင်သင့်ပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သော အာဟာရများပြည့်စုံကာ လုံလောက်သောပမာဏ ရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက်ပိုစားရန် လိုအပ်သည်။

### ဗီတာမင်အေ အာဟာရ

ဗီတာမင်အေသည် ကလေးများ ပုံမှန်ကြီးထွားဖွံ့ဖြိုးရေးနှင့် ကျန်းမာကြံ့ခိုင်ရေး၊ မျက်စိကျန်းမာရေးနှင့် အမြင်အာရုံ ကောင်းမွန်ရေးအတွက်လည်း အရေးကြီးသည်။ နို့တိုက်မိခင်များသည် မလိုအပ်ဘဲ အစားရှောင်လျှင် ဗီတာမင်အေ အလုံအလောက် မရရှိနိုင်တော့ဘဲ ထိုမိခင်များ၏ နို့ကိုစို့ရသော ကလေးများသည် ဗီတာမင်အေချို့တဲ့တတ်သည်။ ဗီတာမင်အေချို့တဲ့သော ကလေးများသည် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ ကူးစက်ရောဂါအမျိုးမျိုးကြောင့် မကြာခဏဖျားနာတတ်သည်။

နို့တိုက်မိခင်များသည် ဗီတာမင်အေ ကြွယ်ဝသည့်အစာများကို လုံလောက်စွာ စားသုံးရန်လိုအပ်သည်။ မီးဖွားပြီး ပထမတစ်ရက် နှစ်ရက်တွင်ထွက်သည့် နို့ဦးရည်သည် ဗီတာမင်အေ အလွန်ကြွယ်ဝသည်။ ထို့ကြောင့် ကလေးကို နို့ဦးရည်တိုက်ဖြစ်အောင် တိုက်ပေးရန်လိုအပ်သည်။ အသက်ခြောက်လမှစ၍ ထမင်းခွံ့သည့်အခါ ဗီတာမင်အေကြွယ်ဝသည့် အသည်းအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့အမျိုးမျိုး၊ အစိမ်းရင့်ရောင်ဟင်းရွက်များ၊ နီဝါရောင်သစ်သီးများ၊ အဝါရောင်သစ်သီးများ၊ အဝါရောင်နှင့် အနီရောင် သစ်ဥသစ်ဖုများကို အသက်အရွယ်အလိုက် ထည့်ကျွေးပေးရန်လိုအပ်သည်။

### ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ပေး

အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသည်။ လူ့စွမ်းအားအရင်းမြစ်များ ပြုစုပျိုးထောင်ရာတွင် အာဟာရဖွံ့ဖြိုးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရန်လိုအပ်ပေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်မှုရရှိရေးအတွက် လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ၊ ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပေါ် အကျိုးသက်ရောက်မှုများ ရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာတတ်နိုင်ငံသားများ တစ်နည်းအားဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ကလေးငယ်များ ကျန်းမာပျော်ရွှင်ရောဂါကင်းစင်စေရန်အတွက် မိခင်များ ကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားပြီး နို့တိုက်မိခင်ကာလတို့မှာပါ အာဟာရပြည့်ဝရန် လိုအပ်သည်။ အာဟာရပြည့်ဝစွာရရှိစေရန်အတွက် အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာနှင့် ရောဂါကာကွယ်စေသောအစာ စသည့် အစာအုပ်စု သုံးမျိုးစလုံးကို နေ့စဉ်မျှတစွာ စားသုံးနိုင်ရန်နှင့် မိမိတို့ဝင်ငွေနှင့်ကိုက်ညီသော အာဟာရပြည့်အစားအစာများကို ကျန်းမာရေးအသိပညာဗဟုသုတဖြင့် စားသောက်နေထိုင်သွားသင့်ပါကြောင်း ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အတွက် အလေးထားတိုက်တွန်းရေးသားလိုက်ရပါသည်။ ။


ရည်ညွှန်းကိုးကား

(၁) ၁၈-၈-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ။

(၂) ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အာဟာရ |Standardized Health Messages (myanmarhealth.info)

# သန်းခေါင်စာရင်းကောက်ယူခြင်းသည် လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို မိမိတို့အားလုံး၏စည်းလုံး ညီညွတ်မှုစွမ်းအားဖြင့် စွမ်းဆောင်နိုင်မှုမှတ်တိုင်အဖြစ် ပြသနိုင်မည်ဖြစ်

**ထားဝယ် ဩဂုတ် ၁၉**

နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိစေရန် ရည်ရွယ်၍၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက သင်တန်းသားများအနေဖြင့် နည်းပြတာဝန်ထမ်းဆောင်ကြရမည်ဖြစ်သောကြောင့် အရည်အချင်းပြည့်ဝသည့် စာရင်းစစ်၊ စာရင်းကောက်များမွေးထုတ်နိုင်ရန် သင်တန်းသားများ၏ အခန်းကဏ္ဍနှင့်ကြိုးစားအားထုတ်မှုတို့က အရေးကြီးကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် တစ်လကျော်သာကျန်ရှိသောကြောင့် ယခုကတည်းက အစစအရာရာ အသေးစိတ်ကြိုတင်ပြင်ဆင်ထားရှိမှသာ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းကို နိုင်ငံတကာအကူအညီမပါရှိဘဲ မိမိတို့အင်အားဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းသည် လက်ရှိကာလတွင် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို မိမိတို့အားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် စွမ်းဆောင်နိုင်မှုမှတ်တိုင်အဖြစ် ပြသနိုင်မည်ဖြစ်သည့်အတွက် အဆင့်ဆင့်သော သန်းခေါင်စာရင်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများအားလုံး အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအထောက်အကူပြုကုန်ကျစရိတ်ငွေကျပ် ၁၁၄ သိန်းပေးအပ်ရာ ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွေးက လက်ခံယူသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအထောက်အကူပြုပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများအား တွေ့ဆုံ

**မိုင်းဆတ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၈ ရက်က မိုင်းဆတ်ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖတို့အား အောင်ဇေယျာဘက်စုံအားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ တွေ့ဆုံခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပါကြောင်း၊ ရပ်မိရပ်ဖများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဆွေးနွေးတင်ပြနိုင်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဒေသဆိုင်ရာ အချက်အလက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မိုင်းဆတ်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေပေးအပ်ရာ မိုင်းဆတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက လက်ခံရယူခဲ့ပြီး ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များထောက်ပံ့ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးစိုင်းတင့်ဆန်းက လက်ခံရယူ၍ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဆက်လက်ထောက်ပံ့ပေးအပ်ရာ နောင်ဘိုကျေးရွာစာကြည့်တိုက်ကော်မတီမှ ဦးဆန်းညွန့်အောင်က လက်ခံရယူခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ ဒေသလိုအပ်ချက်များ တင်ပြကြရာ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

# မိုးနဲမြို့နယ်၌ ချောင်းရေများမြင့်တက်မှုကြောင့် နေအိမ်အချို့နှင့် လယ်ကွင်းများအတွင်းရေဝင်ရောက်

**မိုးနဲ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဩဂုတ် ၁၃ ရက် မှ ၁၆ ရက်အထိ မိုးများ အဆက်မပြတ် ရွာသွန်းမှုများကြောင့် နမ့်တွမ်ချောင်း၊ နမ့်စလိုင်ချောင်း၊ နမ့်မယ်မှန်းချောင်းတို့မှရေများ မြင့်တက်ခဲ့ပြီး မြို့၏ အနိမ့်ပိုင်းရှိ လူနေအိမ်နှင့် ရေချောင်းပတ်ဝန်းကျင် မြေနိမ့်ပိုင်းလယ်ကွင်းများအတွင်းသို့ ရေဝင်ရောက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။




အဆိုပါ ချောင်းရေမြင့်တက်မှုကြောင့် အောင်သပြေရွာ၊နာဟောင်ရပ်ကွက်၊ နောင်ကျော့ရပ်ကွက်၊ ပေ့ါမိုင်းရပ်ကွက်၊ နောင်ခမ်း/နောင်မြိုင်းစသည့် အနိမ့်ပိုင်းနေရာရှိ လူနေအိမ်အချို့နှင့် မိုက်ဟိုင်းကျေးရွာအုပ်စု၊ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု၊ နောင်မြိုင်းကျေးရွာအုပ်စု၊ ဝမ်ဟေကျေးရွာအုပ်စုတို့ရှိ အနိမ့်ပိုင်းလယ်ကွင်း များအတွင်းသို့ ဩဂုတ် ၁၈ ရက်အထိ လယ်ဧကစုစုပေါင်း ၁၁၄၇ ဒသမ ၈၁ ဧကတို့မှာ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းရေမြင့်တက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်မြေစာရင်းနှင့်မြို့နယ် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြပြီး လိုအပ်သောကူညီမှုများကို မြို့နယ်မီးသတ်တပ်ဖွဲ့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို ရှောင်တခင်စစ်ဆေး

**တပ်ကုန်း ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ ရောင်းချပေးနေမှုအခြေအနေများကို ဩဂုတ် ၁၈ ရက်က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စက်သုံးဆီအရောင်းဆိုင်များကို စစ်ဆေးရာတွင် စက်သုံးဆီပြတ်တောက်မှုမရှိစေရေး၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များ လိုက်နာရေးနှင့် စက်သုံးဆီလာရောက်ဝယ်ယူသည့် ဆိုင်ကယ်၊ မော်တော်ယာဉ်များ လိုင်စင်နှင့် ယာဉ်မောင်းသူများ လိုင်စင်ပြည့်စုံရေး၊ ဆိုင်ကယ်စီးဦးထုပ် တပ်ဆင်မောင်းနှင်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလိုက်နာရေးမှာကြားခဲ့ကာ မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် DENKO စက်သုံးဆီအရောင်းဆိုင်အပါအဝင် စက်သုံးဆီအရောင်းဆိုင် ၂၀ ကို ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးနောက် မြဝတီရပ်ကွက် အောင်ဇေယျာရပ်ကွက်များအတွင်း တရားမဝင် စက်သုံးဆီ ရောင်းချမှု ရှိ မရှိ လိုက်လံစိစစ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# မိုင်းယန်းမြို့၌ စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်း

**မိုင်းယန်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများမှ ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုဖြင့် ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရရှိစေရန်အတွက် ဩဂုတ် ၁၉ ရက်က မြို့ပေါ်ရပ်ကွက်များရှိ ဌာနဆိုင်ရာရုံးများသို့ သုတ၊ ရသစာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် စာအုပ်၊ စာပေများ လေ့လာဖတ်ရှုခွင့်ရရှိကြပြီး ငှားရမ်းစာအုပ်များ ပြန်လည်အပ်နှံနိုင်ရေးနှင့် စာအုပ်များ ငှားရမ်းနိုင်ရေးအတွက် အပတ်စဉ် ဝန်ဆောင်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထူး**

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် မြန်မာဘော်လီဘောလူမှုရေးအသင်း အမှူဆောင်ဖလား အသက်(၂၁)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောဗိုလ်လုပွဲပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မြန်မာဘော်လီဘော လူမှုရေးအသင်းအမှုဆောင်ဖလား အသက်(၂၁) နှစ်အောက် အမျိုးသား/အမျိုးသမီး တံခွန်စိုက်ဘော်လီဘော ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



အဆိုပါ ဗိုလ်လုပွဲပြိုင်ပွဲ၌ အမျိုးသမီးYouth Camp အသင်းက ရန်ကုန်လူငယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် မန္တလေးအသင်းနှင့် ရှမ်း (လူငယ်) တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မန္တလေးအသင်းက ရှမ်း (လူငယ်)အသင်းကိုသုံးပွဲ- တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။ ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီးဆုရရှိသူများ၊ အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ဆုရရှိကြသော အသင်းများကို မြန်မာဘော်လီဘော လူမှုရေးအသင်းအမှုဆောင်များက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသမီး ပထမဆုရ Youth Camp(NPT) အသင်းကို မြန်မာဘော်လီဘော လူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်က တံခွန်စိုက်ဖလားချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသား ပြိုင်ပွဲတွင် စတုတ္ထ၊ တတိယ၊ ဒုတိယဆုရရှိကြသော အသင်းများကို တိုင်းဒေသကြီး ဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဖလားရရှိသွားသော မန္တလေးအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလား ချီးမြှင့်သည်။**(အပေါ်ပုံ)**

ပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် အမျိုးသား ပြိုင်ပွဲပထမဆု ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၅၀၊ တတိယဆု ငွေကျပ် ၂၅ သိန်း၊ စတုတ္ထဆု ငွေကျပ် ၁၅ သိန်း၊ အကောင်းဆုံးဆု ငွေကျပ် ၁၀ သိန်း၊ အမျိုးသမီးပြိုင်ပွဲ ပထမဆုငွေကျပ်သိန်း ၆၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆု ငွေကျပ် ၁၅ သိန်း၊ စတုတ္ထဆုငွေကျပ် ၁၀သိန်းနှင့် အကောင်းဆုံးဆု ငွေကျပ် ငါးသိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## မြန်မာ ယူ-၁၂ အသင်း ဂျပန်နိုင်ငံ၌ ခြေစမ်းပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၁၉**

U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲယှဉ်ပြိုင်ရန် ဂျပန်နိုင်ငံ ချီဘားမြို့သို့ ရောက်ရှိနေသည့် မြန်မာ ယူ-၁၂ အသင်းသည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက Training Match ခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားရာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် ဂျပန်နိုင်ငံမှ လူငယ်အမျိုးသားအသင်းများ၊ အမျိုးသမီးအသင်းများနှင့် ခြေစမ်းပွဲသုံးပွဲကစားခဲ့ခြင်းဖြစ်ပြီး မိနစ် ၂၀ စီ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံမှ Nadeshik အမျိုးသမီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး Daiwa အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်နိုင်ငံမှ ဘာစီလိုနာအကယ်ဒမီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ ရက် **(ယနေ့)** မြန်မာစံတော်ချိန် နံနက် ၇ နာရီ မိနစ်၂၀တွင် Tozuka လူငယ်အသင်း၊ မြန်မာစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ကာရီမာအန်တလာလူငယ်အသင်း၊ ဩဂုတ် ၂၁ ရက်တွင် ဘာဆာရာဟိုဂိုလူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးမင်းသူက ကိုင်တွယ်နေပြီး အကယ်ဒမီကျောင်းများနှင့် ပြည်နယ်/တိုင်းဒေသကြီးတို့မှ အလားအလာရှိသည့် လူငယ်ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ **ရဲရင့်လွင်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မင်းကင်းမြို့တွင် ၅ ဒသမ ၉၈လက်မ၊ ဟုမ္မလင်းမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ မော်လိုက်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၃၄ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၈၆ လက်မ၊ ပြည်မြို့တွင် ၂ ဒသမ ၈၃ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၇၆ လက်မနှင့် ကော့သောင်းမြို့တွင် ၂ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## လာလီဂါအဖွင့်ပွဲစဉ်တွင် မာယော့ကာကို သရေကျခဲ့သည့် နာမည်ကြီး ရီးရဲမက်ဒရစ်

စပိန်လာလီဂါပွဲစဉ် (၁)အဖြစ် ဩဂုတ် ၁၉ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် မာယော့ကာနှင့် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းတိုက်စစ်ကစားသမားသစ် အမ်ဘာပေသည် လာလီဂါပွဲဦးထွက် ပါဝင်ကစားခဲ့ပြီး ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သည်။ ယင်းပွဲစဉ်သည် အသက် ၂၅ နှစ်အရွယ် အမ်ဘာပေအတွက် မိုနာကို အသင်းနှင့် ကစားသမားဘဝစတင်ပြီးနောက်ပိုင်း ပြင်သစ်မြေပြင်ပတွင် ပထမဆုံးအကြိမ် လိဂ်ပြိုင်ပွဲကို ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် မာယော့ကာအသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ဖန်တီးနိုင်ခြင်းမရှိခဲ့ပေ။ မာယော့ကာအသင်းသည် ရံဖန်ရံခါတိုက်စစ်ဆင်မှုများမှတစ်ဆင့် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးကို ရီးရဲမက်ဒရစ်အသင်းက ပွဲချိန် ၁၃ မိနစ်တွင် ရရှိခဲ့ပြီး ဗင်နီစီးယပ်စ်၏ ဖန်တီးမှုမှ ရိုဒရီဂိုက သွင်းယူပေးခဲ့သည်။

မာယော့ကာအသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၅၃ မိနစ်တွင် ရရှိခဲ့ပြီး ဒန်နီရယ် ရိုဒရီဂွက်ဇ်၏ ဖန်တီးမှုမှ မီဒတ်မူရီကီက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ခြင်း ဖြစ်သည်။

ပွဲချိန်ပြည့်ခါနီးတွင် ပြိုင်ဘက်ကစားသမားအပေါ် ကစားပုံကြမ်းတမ်းခဲ့သော ရီးရဲမက်ဒရစ်အသင်းမှ ခံစစ်ကစားသမား ဖာလန်းမန်ဒီ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ လာမည့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၅ ရက်တွင် ရီးရဲမက်ဒရစ်အသင်းက ဗယ်လာဒိုလစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မာယော့ကာအသင်းက ဩဂုတ် ၂၄ ရက်တွင် အိုဆာဆူနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**



မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၂၀ ကျပ် | ၂၇၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၀၀ ကျပ် | ၃၂၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၉၉၀ ကျပ် | ၃၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၃၁၄၀ ကျပ် | ၃၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၈၃၇ | ၇၅၄၇၄၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၂၅၄၈၂ | ၈၉၁၂၁၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၅၂ | ၉၁၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁ | ၂၈၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၆၆၅ | ၁၁၃၈၇၅၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၂၃၀ | ၁၀၅၇၃၀၀ |
| MAEX | ၃၂၀၀ | ၃၂၀၀ | ၃၂၁၈ | ၁၀၂၉၇၆၀၀ |

## ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) ဇီဝဗေဒ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) နေပြည်တော် | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) မြစ်ကြီးနားမြို့ | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) တောင်ကြီးမြို့ | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (ဃ) ခိုလမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (င) ကျိုင်းတုံမြို့ | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (စ) မော်လမြိုင်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဆ) မြိတ်မြို့ | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဇ) ရန်ကုန်မြို့ | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ဈ) ပုသိမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ည) မုံရွာမြို့ | အထက(၂)၊ အလုံတပ်မြို့။ |
| (ဋ) မန္တလေးမြို့ | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဌ) တောင်ငူမြို့ | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။ |

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)





## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ အကွက်အမည်-(ညောင်ဝိုင်းအလယ်ရပ်)၊ ဦးပိုင်အမှတ်-၂၃၊ ဧရိယာ(၀.၀၃၂)ဧကရှိ အရှေ့လားသော်- ညောင်ဝိုင်းလမ်းမ၊ အနောက်လားသော်- ၂၄၊ တောင်လားသော်- နောက်ဖေးလမ်း၊ မြောက်လားသော်- ၁၀လမ်း ရှိ မြေပိုကို လိုချီခွေး(ခ) ဦးသိန်းလွင် မှ ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁၄)ရက်နေ့မတိုင်မီ ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ ၁ နှင့် ၅)**

**မြိတ်မြို့နယ်တရားရုံး**

**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂**

| | | |
|---|---|---|
| ၁။ ဦးရေချမ်း | နှင့် | ၁။ဦးအောင်ဝင်းသိန်း |
| ၂။ ဒေါ်ခင်ဥမ္မာဝင်း | | ၂။ ဒေါ်အေးရီ |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

မြိတ်မြို့၊ ကလွင်ရပ်၊ တနင်္သာရီလမ်းမကြီး၊ အမှတ်(၁၁၅)(ယခုနေရပ်လိပ်စာမသိ) ဦးအောင်ဝင်းသိန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၃ရက် (၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဖြိုးစံ)**
**မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ မြို့သာရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ကွင်း/အကွက်အမှတ်(၆၆-စ/တောင်အူရပ်)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀.၂၇၈)ဧကရှိ ဝင်းမြေအား ဒေါ်ဇာဇာလင်း(ဘ)ဦးဝင်းအောင် ၅/ကလထ(နိုင်) ၁၄၂၉၇၉က ၎င်းအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာဇာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၂၁၆/၂၀၁၃**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့ ။**
**ဖုန်း- ၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/5255 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင် ၇/ဒဥန(နိုင်) ၁၀၄၀၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/69901 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၇/ဒဥန(နိုင်)၁၂၃၅၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ ၁ နှင့် ၅)**

**မြိတ်မြို့နယ်တရားရုံး**

**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃**

| | | |
|---|---|---|
| ၁။ ဦးရေချမ်း | နှင့် | ၁။ဦးသိန်းစိုး |
| ၂။ ဒေါ်ခင်ဥမ္မာဝင်း | | ၂။ ဒေါ်အေးရီ |
| **(တရားလိုများ)** | | **(တရားပြိုင်များ_** |

မြိတ်မြို့၊ကလွင်ရပ်၊ တနင်္သာရီလမ်းမကြီး၊ အမှတ်(၁၁၃)(ယခုနေရပ်လိပ်စာမသိ) ဦးသိန်းစိုး သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၃ရက်(၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း ၁၁ရက်) မွန်းမတည့် မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါသူတရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများ နှင့်သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဖြိုးစံ)**
**မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးခရိုင်၊ သနပ်ပင်မြို့၊ အောက်စုပိုင်းရပ်ကွက်၊ ကွင်းအမှတ်(ရပ်-၁)၊ ကွင်းအမည်(အောက်စုကွင်း)၊ ဦးပိုင်အမှတ်(၉၁+၁၀၇)၊ မြေကွက်အမှတ်(၁၅၀+၁၅၁)၊ မြေဧရိယာ(၀.၁၂၈၈)ဧက ရှိမြေကို ဒေါ်ရီရီသိန်းမှ မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း သနပ်ပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**သနပ်ပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သနပ်ပင်မြို့**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမက သီရိမင်္ဂလာကျောင်း၊ Grade-1 တန်းမှ (ဘ) ဦးသန့်နိုင်ဇော် ၉/သစန(နိုင်) ၁၄၈၆၅၀ ၏သမီး အမည်မှန်မှာ မလီလီနိုင်ဇော် ဖြစ်ပါကြောင်း။

**မလီလီနိုင်ဇော်**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/8238 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/3608,Nway Thida Light Truck Pick Up(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းအောင် ၁၂/လကန(နိုင်)၂၀၄၀၇၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5S/8968, Toyota Hilux Adonkre, P/U(4X2)L ယာဉ်လက်ဝယ်ရှိသူ ဦးရန်မြင့်ရှိန် ၁/လဂန(နိုင်)၀၀၀၃၂၈၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အလိမ္မာ စာမှာရှိ

## မွေးသက္ကရာဇ်အမှန်

ပျော်ဘွယ်မြို့နယ်၊ တောင်ညောင်ကုန်းကျေးရွာ၊ အထက(၆)မှ ဦးခင်မောင်သန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁-၁၉၆၃ ဖြစ်ပါကြောင်း။

**ဦးခင်မောင်သန်း**

## မိဘအမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ရွှေကုက္ကို) Grade-9မှ နော်မူးရာစိုးနှင့် နော်လေးရာစိုးတို့၏ မွေးသက္ကရာဇ်မှာ ၁၂-၇-၂၀၀၉ ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးစောကော်ဆဲမူး ၃/မဝတ(နိုင်)၀၃၂၅၈၉ နှင့် ဒေါ်နော်လားဂေမူး ၃/မဝတ(နိုင်) ၀၂၀၃၁၀ ဖြစ်ပါကြောင်း။

**ဦးစောကော်ဆဲမူးနှင့်**
**ဒေါ်နော်လားဂေမူး**

## ပတ်စ်ပို့ပျောက်

